Funded by: UKaid

Towards Results in Education & English



# သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ လက်စွဲစာအုပ်

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

မာတိကာ

**၁. နိဒါန်း......................................................................................................၄**

၁.၁ သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲစာအုပ်သည် မည်သူ့အတွက်နည်း ..........................................၄

၁.၂ အဘယ်ကြောင့်သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုသည် အရေးကြီးပါသနည်း.....................................................၄

၁.၃ သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲစာအုပ်၏ ရည်ရွယ်ချက်နှင့်ဖွဲ့စည်းပုံ .......................................၅

**အဆင့် ၁ - မသင်ယူမီ - ဘယ်ကိုသွားရန် ကြိုးစားနေပါသနည်း..................................၆**

နည်း ၁ - သင်ယူမှုရလဒ်..........................................................................................................၇

နည်း ၂ - အောင်မြင်မှုအတွက်စံများ......................................................................................................၉

**အဆင့် ၂ - သင်ယူစဉ် - ယခု ဘယ်ကိုရောက်နေပါသနည်း........................................၁၀**

**အဆင့် ၃ - သင်ယူပြီး - မိမိဦးတည်ရာသို့ ရောက်ခဲ့ပါသလား။ နောက်ထပ်ဘာလုပ်ရန် လိုအပ်ပါမည်နည်း။ ..........................................................................................၁၃**

**သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ .........................................................၁၇**

၃၊ ၂၊ ၁.......................................................................................................................၁၈

၅၊ ၃၊ ၁ .......................................................................................................................၂၀

ဘက်စကက်ဘောမေးခွန်း (သို့မဟုတ် ဘောလုံးပုတ်ခြင်း) ......................................................................၂၂

အဝင်လက်မှတ်......................................................................................................................၂၄

အထွက်လက်မှတ် ....................................................................................................................၂၅

သိသည် သိလိုသည် သိလာသည် (KWL) ......................................................................................၂၇

တစ်မိနစ်စာရွက်......................................................................................................................၂၉

တစ်မိနစ်ပြဿနာ....................................................................................................................၃၁

ကျောင်းသားအဖြေကဒ်.............................................................................................................၃၃

လေ့လာမှုကဒ် ........................................................................................................................၃၅

လက်မထောင်/စိုက်/လှဲ...............................................................................................................၃၇

မီးပွိုင့်.......................................................................................................................................၃၈

တြိဂံ - စတုရန်း - စက်ဝိုင်း...............................................................................................................၃၉
ကြယ်စင်က နှစ် ဆန္ဒက တစ် ...........................................................................................................၄၀
ပတ်လည်လှည့်ပါ...........................................................................................................................၄၁
**ကျမ်းကိုး ............................................................................................................. ၄၃**

Implemented by: BRITISH COUNCIL The Open University VSO montrose

# ၁. နိဒါန်း

## ၁.၁ သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲစာအုပ်သည် မည်သူ့အတွက်နည်း

ဤသင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲကို မြန်မာပညာရေးကောလိပ်များမှ ဆရာအတတ်သင် ဆရာ/မ၊ ဆရာအတတ်သင် ကျောင်းသူကျောင်းသားများ အတွက် မူလက စီစဉ်ရေးသားထားသော်လည်း **ပညာသင်ကြားသူများနှင့် ဆရာအတတ်သင် ကျောင်းသူ/ သားများအားလုံး** အသုံးပြုနိုင်ပါသည်။ အောက်ပါပုဂ္ဂိုလ်များနှင့်ကိုက်ညီကာ အသုံးဝင်နိုင်ပါသည်၊

- ဆရာအတတ်သင် သင်တန်းသူ/သားများကို သင်ကြားသည့်ဆရာ/မများ
- လုပ်ငန်းခွင်ရှိဆရာ/မများကို သင်ကြားသည့်ဆရာအတတ်သင်ဆရာ/မများ
- ဆရာအတတ်သင် ကျောင်းသူကျောင်းသားများ
- လုပ်ငန်းခွင်မှဆရာ/မများ
- ကျောင်းသူကျောင်းသားများ (အခြေခံပညာသင်ကြားသည့်ကျောင်းများမှတပည့်/ကလေးများ)
- အခြေခံနှင့် အဆင့်မြင့်ပညာရေး (ကောလိပ်နှင့်တက္ကသိုလ်များ) ကျောင်းအုပ်ကြီးများ
- မိဘများနှင့်ရပ်ရွာလူထု

## ၁.၂ အဘယ်ကြောင့်သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုသည် အရေးကြီးပါသနည်း

**သင်ကြားရေးနှင့်သင်ယူရေးနည်းပညာတွင်** သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု **ပဓာနကျ**ပါသည်။ သင်ယူမှုတိုးတက်ပုံ၊ သင်ယူသူ၏ အားသာချက်ရှိသည့် နေရာများ၊ သင်ယူမှုတွင် 'ဟာကွက်'ရှိသည့်နေရာများ၊ နောက်ထပ်သင်ကြားသင်ယူရန် လိုအပ်မှုတို့ကို ဆရာ/မ၊ ကျောင်းသူကျောင်းသားနှစ်ဦးနှစ်ဝ နားလည်ကြစေရန် သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုက လမ်းညွှန်ပံ့ပိုးပေးပါသည်။

သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို လုပ်ငန်းခွင်အကြို ဆရာ/မတို့အတွက် လေးနှစ်တာဘွဲ့သင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ဒေသ အနေဖြင့် လက်ခံကြပါသည်။ ဆရာအတတ်သင်ဆရာများအတွက် လမ်းညွှန်စာအုပ်အသစ်များတွင် သင်ခန်းစာတစ်ခုပြီးတိုင်း အကြောင်းအရာကို ပြန်လှန်သုံးသပ်မှု၏အရေးကြီးပုံနှင့် ပြန်လှန်သုံးသပ်ပုံအတွက် အကြံပြုချက်များကိုပေးထားပါသည်။

> **စစ်ဆေးအကဲဖြတ်မှု -** အောင်မြင်မှုကို စစ်ဆေးအကဲဖြတ်ရန်နှင့် အနာဂတ်သင်ကြားရေးကို အထောက်အကူပြုရန် လုပ်ဆောင်ချက်၊ ရှင်းပြခြင်း၊ ပြန်လှန်သင်ကြားခြင်းတို့ တစ်ခုပြီးတိုင်း စစ်ဆေးအကဲဖြတ်ပုံကို ပေးထားပါသည်။ စစ်ဆေးအကဲဖြတ်မှုအမျိုးမျိုးကို လုပ်ဆောင်ရန် ညွှန်ကြားချက်များကို စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်းများအတွက် နည်းလမ်းအထွေထွေ (Toolbox)တွင် ပေးထားပါသည်။

*(Curriculum & Pedagogy Studies: Educational Studies, Teacher Educator Guide: Year 1 Semester 2, How to use this guide, p3)*

**စစ်ဆေးအကဲဖြတ်မှုချဉ်းကပ်နည်းများအတွက် နည်းလမ်းအထွေထွေ**

သင်ခန်းစာ မသင်မီ၊ သင်ဆဲနှင့် သင်အပြီး ပညာရေးကောလိပ်ကျောင်းသားများ၏ သင်ယူမှုကို စောင့်ကြည့်လေ့လာနိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် ထိုနည်းလမ်းများ အမြောက်အမြား ပါရှိပါသည်။ စာ(သို့) နှုတ်ဖြင့် တုံ့ပြန်ဖြေကြားခြင်းသည် သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု၏ အရေးပါသည့်အပိုင်းဖြစ်ကြောင်း သတိချပ်ပါ။ သင့်တုံ့ပြန်ဖြေကြားမှုမှ ပညာရေးကောလိပ်ကျောင်းသားများ အနာဂတ်တွင်လုပ်ဆောင်ဖွယ်များကို သင်ယူပြီးတိုးတက်စေရန် အထောက်အကူဖြစ်စေပါမည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို ပိုမိုကြီးမားသည့် အစမ်း၊ စာမေးပွဲ၊ လုပ်ငန်းများတွင် မိမိတို့၏ သင်ယူတတ်မြောက်မှုကိုပြသရမည့် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု မတိုင်မီ ပညာရေးကောလိပ်ကျောင်းသားများ လေ့ကျင့်ရန် အခွင့်အလမ်းအဖြစ်လည်း တွေးမြင်နိုင်ပါသည်။

*(Curriculum & Pedagogy Studies: Educational Studies, Teacher Educator Guide: Year 1 Semester 2, How to use this guide, p18)*

## ၁.၃ သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲစာအုပ်၏ ရည်ရွယ်ချက်နှင့်ဖွဲ့စည်းပုံ

**ဤသင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ လက်စွဲစာအုပ်၏** ရည်ရွယ်ချက်မှာ ဆရာအတတ်သင် ဆရာလမ်းညွှန်စာအုပ်များနှင့် ကျောင်းသားကိုင်စာအုပ်များတွင် ပါရှိသည့် အတွေးအမြင်များအပေါ် ဆင့်ပိုးတည်ဆောက်ရန်ဖြစ်ပါသည်။ ဤလက်စွဲသည် **ဘာသာရပ်များ**ကိုသင်ကြားသည့် ဆရာအတတ်သင် ဆရာ/မများ**အားလုံး** မိမိတို့၏စာသင်ခန်းအတွင်း သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် လက်တွေ့ကျကျ အကြံပြုပေးပါသည်။

ဤသင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများလက်စွဲသည် ဆရာအတတ်သင်ဆရာ/မများ သင်ခန်းစာ **မသင်မီ၊ သင်ဆဲ**နှင့်**သင်အပြီး** သင်ခန်းစာအတွင်း သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကိုပေါင်းစပ်ပေးပုံကို ညွှန်ပြပေးပါသည်။ ဤအဆင့်သုံးဆင့်သည် ဤလက်စွဲပါ အပိုင်းသုံးပိုင်းနှင့် ကိုက်ညီပါသည်။

တစ်ပိုင်းစီတွင် သင်ခန်းစာအဆင့်တစ်ခုကို စတင်မသင်ကြားမီ ဆရာအတတ်သင် ဆရာ/မက မေးမြန်းရမည့် မေးခွန်းတစ်ခုနှင့် စတင်ပါသည်။ ထို့နောက် သင်ခန်းစာမစမီ သင်ယူသူများတွင် ရှိပြီးသားအသိပညာကို ဆရာ/မကရှင်းရှင်းလင်းလင်း သိနိုင်ရန်နှင့် သင်ခန်းစာအတွင်းနှင့်အပြီးတွင် သင်ယူမှုကိုတိုင်းတာရန် သုံးနိုင်သည့်နည်းလမ်းများနှင့်သင်ကြားနည်းများအား ခြုံငုံသုံးသပ်ချက်ကို ပေးထားပါသည်။ ဤနည်းများသည် လက်တွေ့ကျပြီး သုံးရန်လွယ်ကူကာ အရင်းအမြစ်အနည်းဆုံး(သို့)လုံးဝမလိုပါ။ လက်စွဲစာအုပ်အဆုံးတွင် ရှင်းလင်းပြီး လွယ်လင့်တကူနားလည်နိုင်သည့် ညွှန်ကြားချက်များလည်း ရှိပါသည်။ လက်စွဲပါနည်းများစွာတို့သည် ပထမနှစ် ဒုတိယနှစ်ဝက် အင်္ဂလိပ်စာဆရာလမ်းညွှန် စာမျက်နှာ ၁၁ မှ Teacher Toolkit မှ နည်းလမ်းများကို မှီငြမ်းထားပါသည်။

# အဆင့် ၁ - မသင်ယူမီ - ဘယ်ကိုသွားရန် ကြိုးစားနေပါသနည်း

ဆရာအတတ်သင် ဆရာ/မတို့က သင်ခန်းစာအစီအစဉ်မဆွဲမီ ဤမေးခွန်းကိုမေးကြပါသည်။ မိမိစီစဉ်သည့် သင်ခန်းစာပါ အဆင့်များနှင့်လုပ်ဆောင်ချက်များကို ကျောင်းသူကျောင်းသားတို့၏ အသိပညာအပေါ် ဆင့်ပိုးတည်ဆောက်ရမည်ဖြစ်ပြီး အဆုံးသတ် လုပ်ဆောင်ချက်တွင် မိမိလိုလားသည့်**သင်ယူမှုရလဒ်များအပေါ်** ကျောင်းသူကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ထို့ကြောင့် သင်ကြားသင်ယူရေးတွင် တိုးတက်မှုရရှိစေရန် ဆရာအတတ်သင် ဆရာ/မ၏ အစီအစဉ်တွင် စစ်ဆေး အကဲဖြတ်မှုသည် တစ်သားတည်းပါဝင်ရပါမည်။

ဤအပိုင်းကို သင်ယူမှုရလဒ်များချမှတ်မှု၊ ၎င်းတို့သည်သင်ကြားသင်ယူရေးအတွက် အရေးကြီးသည့်အကြောင်းရင်း၊ ၎င်းတို့ကို မည်သည့်အခါတွင် မည်သည့်နည်းဖြင့် သင်ခန်းစာအတွင်း ပေါင်းစပ်ပုံတို့ဖြင့် စတင်ထားပါသည်။ ထို့နောက် သင်ယူမှုရလဒ်များ ထံမှ **အောင်မြင်မှုအတွက်စံများ**ကို ဖော်ဆောင်နိုင်ပုံကို ဆက်လက်ပြသထားပါသည်။ ဆရာအတတ်သင် ဆရာ၊ ကျောင်းသား နှစ်ဦးနှစ်ဝအောင်မြင်မှုအတွက် အောင်မြင်မှုအတွက်စံများကိုဖန်တီးခြင်းဖြင့် အကျိုးဖြစ်ထွန်းပုံကို ပြသကာ ထိုစံများ အသုံးပြုပုံကို အကြံပြုထားသည်။

ကျောင်းသားတို့တွင် ရှိပြီးသားအသိပညာနှင့်နားလည်မှုတို့ကို ဆန်းစစ်နိုင်သည့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု နည်းလမ်းအချို့ ကိုလည်း အကြံပြုထားပါသည်။

| **စစ်ဆေးအကဲဖြတ်မှု အပိုင်း** | **မေးခွန်း** | **နည်းလမ်းများ** | **စာမျက်နှာ** |
|---|---|---|---|
| **မသင်ကြားမီ** | **ဘယ်ကို သွားရန် ကြိုးစားနေ ပါသနည်း** | **နည်း ၁ -** သင်ယူမှုရလဒ်များ | ၇ |
| | | **နည်း ၂ -** အောင်မြင်မှုအတွက်စံများ | ၉ |
| | | **သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ** | |
| | | ၅၊ ၃၊ ၁ | ၂၀ |
| | | အဝင်လက်မှတ် | ၂၄ |
| | | KWL | ၂၇ |
| | | တစ်မိနစ်စာရွက် | ၂၉ |
| | | ကျောင်းသားအဖြေကဒ် | ၃၃ |
| | | လေ့လာမှုကဒ် | ၃၅ |
| | | ပတ်လည်လှည့်ပါ | ၄၁ |

## နည်း ၁ - သင်ယူမှုရလဒ်

**သင်ယူမှုရလဒ်**ဟူသည်မှာ သင်ခန်းစာအဆုံးတွင် ကျောင်းသား သိသင့်သော၊ လုပ်နိုင်မည်ဖြစ်သော အရာများကို အကျဉ်းဖော်ပြသည့် အဆိုများ ဖြစ်ပါသည်။

သင်ခန်းစာအစတွင် ကျောင်းသားတို့အား သင်ယူမှုရလဒ်ကိုပြောပြရန် အရေးကြီးပါသည်။ ၄င်းတို့က မည်သည်ကို သင်ယူရမည်ဖြစ်ကြောင်း၊ အောင်မြင်ကြောင်းမည်သို့ သိမည်ဖြစ်ကြောင်း သိထားသည့်အခါ မိမိတို့၏ သင်ယူမှုအတွက် တာဝန်ပိုမိုယူလာကြမည်ဖြစ်သည်။

ဆရာအတတ်သင်ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ်တွင် မျှော်မှန်းထားသည့်သင်ယူမှုရလဒ်များကို မာတိကာ၊ ယူနစ်အစနှင့် သင်ခန်းစာအစတွင် ပြသထားသည်။

အောက်ပါ သာဓကတစ်ရပ်မှာ သိပ္ပံဖတ်စာမှ ဖြစ်ပါသည်။

မျှော်မှန်းသည့် သင်ယူမှုရလဒ်များ
သင်ခန်းစာအဆုံးတွင် ကျောင်းသားများသည် အောက်ပါတို့လုပ်လုပ်ဆောင်နိုင်ပါမည်။

- လေထုနှင့်၎င်းမှဖုံးလွှမ်းထားသည့်အကွာအဝေးကို ဖော်ပြခြင်း
- လေထုအတွင်းရှိဓာတ်ငွေ့များကို အမည်တပ်ခေါ်ဆိုပြီး ဖွဲ့စည်းပုံကိုဖော်ပြခြင်း
- လေတွင်အလေးချိန်ရှိကြောင်း သရုပ်ပြခြင်းနှင့်
- ရာသီဥတုအသွင်အပြင်အမျိုးမျိုးကို ဖော်ထုတ်ခြင်း

*(Curriculum & Pedagogy Studies: Science, Teacher Educator Guide: Year 1 Semester 2, Unit 5.1.3. Atmosphere p90)*

- ရှင်းလင်းပြီး ဆီလျော်သည့်သင်ယူမှုရလဒ်များကို ချမှတ်ခြင်းဖြင့် အောက်ပါပုံ ၁ တွင် ပြထားသည့်အတိုင်း ဆရာနှင့် ကျောင်းသားများကို နည်းလမ်းအဖုံဖုံဖြင့် ပံ့ပိုးပေးနိုင်ပါသည်။
- သင်ခန်းစာရလဒ်ကိုသိနားလည်ထားလျှင် ကျောင်းသူကျောင်းသားတို့ ပိုမိုတက်ကြွပြီး လုပ်ဆောင်မှုကို အာရုံစိုက်ကြောင်း သုတေသနမှ တွေ့ရှိထားပါသည်။
- သင်ယူမှုရလဒ်များသည် ကျောင်းသူကျောင်းသားတို့ ဘာလုပ်မည်ဆိုသည်ထက် ဘာကိုသင်ယူမည်ဖြစ်ကြောင်း ဖော်ပြကြသည်။ လုပ်ဆောင်ဖွယ်ထက် သင်ယူမှုကို အာရုံစိုက်ကြသည်။




*(Drinan, F. H. (2016) 'Formative Assessment Toolkit,' for USAID project 'Formative Assessment for Georgian Teacher Educators')*

**သင်ယူမှုအတွက်အကျိုးပြုနိုင်ပုံ**

သင်ခန်းစာအစတွင်

- ကျောင်းသူကျောင်းသားများကို သင်ယူမှုရလဒ်များ ပြောပြသည်
- ကျောင်းသူကျောင်းသားတို့ သင်ယူမှုရလဒ်များကို နားလည်မလည်စစ်ဆေးသည်
- သင်ယူမှုရလဒ်များကို ပြသထားသည်
- သင်ယူမှုရလဒ်များကို ကျောင်းသူကျောင်းသားတို့အား ရေးမှတ်ထားစေသည်
- သင်ခန်းစာမသင်ကြားမီ သင်ကြားမည့်အကြောင်းအရာအကြောင်း ကျောင်းသူကျောင်းသားတို့ သိပြီးသားအသိပညာကို သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းတစ်ခုသုံးပြီး စစ်ဆေးသည်

## နည်း ၂ - အောင်မြင်မှုအတွက်စံများ

သင်ယူမှုရလဒ်များကိုရရှိခဲ့လျှင် ကျောင်းသူကျောင်းသားတို့ ဘာလုပ်နိုင်မည်ဖြစ်ကြောင်း **အောင်မြင်မှုအတွက် စံများ**က ဖော်ပြသည်။

စာမျက်နှာ ၇ မှ သင်ယူမှုရလဒ်များကို အခြေပြုလျက် လေထုအကြောင်း သိပ္ပံသင်ခန်းစာတစ်ခုအတွက် အောင်မြင်မှု စံများဥပမာဖြစ်ပါသည်။

| |
|---|
| လေထုအသွင်အပြင် ငါးခုကိုဖော်ပြနိုင်သည်။ |
| လေထုထဲမှ ဓာတ်ငွေ့အချို့ဖွဲ့စည်းပုံနှင့် ၎င်းတို့၏ဂုဏ်သတ္တိများကိုအကျဉ်းပြောပြနိုင်ပါသည်။ |
| လေတွင် အလေးချိန်ရှိကြောင်း စမ်းသပ်မှုလုပ်ပြနိုင်ပါသည်။ |

အောင်မြင်မှုအတွက်စံများသည် သင်ယူမှုရလဒ်များကို ရမရ ဆရာအတတ်သင်ဆရာ/မ၊ ကျောင်းသူကျောင်းသား နှစ်ဦးနှစ်ဝအား သိစေနိုင် ပါသည်။ ထိုစံများကိုသုံးရာတွင် စဉ်းစားစရာအချက်အချို့မှာ

- သင်ခန်းစာပြင်ဆင်သည့်အဆင့်တွင် အောင်မြင်မှုအတွက်စံများကို သတ်မှတ်ခြင်း
- ထိုစံများကိုရေးစဉ် ရှင်းလင်းသည့်စကား၊ ဖော်ပြချက်များသုံးခြင်း
- ကျောင်းသူကျောင်းသားများအား အောင်မြင်မှုအတွက်စံများကို ပြောပြ၊ ရှင်းပြခြင်း
- ကျောင်းသူကျောင်းသားများကို အောင်မြင်မှုအတွက်စံများ ဥပမာများပေးခြင်း
- အောင်မြင်မှုအတွက်စံများရေးရာတွင်ကျောင်းသူကျောင်းသားများအား ပါဝင်ခြင်း
- အောင်မြင်မှုအတွက်စံများကို နမူနာအလုပ်တွင်အသုံးချစေခြင်း
- တုံ့ပြန်ဖြေကြားရာတွင် (သို့) အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင် အောင်မြင်မှုအတွက် စံများကို အခြေပြုခြင်း

# အဆင့် ၂ - သင်ယူစဉ် - ယခု ဘယ်ကိုရောက်နေပါသနည်း

ဤအပိုင်းတွင် **ကျောင်းသူကျောင်းသားတို့ လက်ရှိရောက်နေသည့်နေရာကို** ဆန်းစစ်ရာတွင် သုံးသည့်နည်းများကို ဖော်ပြထားပါသည်။ ယင်းတို့တွင် ဆရာအတတ်သင်ဆရာ/မနှင့်ကျောင်းသူကျောင်းသားတို့ သင်ယူမှုကိုစစ်ဆေးရန် သင်ခန်းစာတစ်လျှောက် **သင်ယူမှုရလဒ်များ**ကို ပြန်လှန်သုံးသပ်ရန်လိုအပ်မှု၊ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ရာတွင် **မေးခွန်းမေးခြင်း**၏ အရေးပါမှုတို့ ပါဝင်ပါသည်။

ထိထိရောက်ရောက် မေးခွန်းမေးနည်းများနှင့်အတူတကွ အပြန်အလှန်ဆက်ဆံမှုပုံစံများ၊ ကျောင်းသူကျောင်းသားတို့ကို **စောင့်ကြည့်လေ့လာ၊ ကြည့်ရှုအကဲခတ်**ပုံတို့ကို အကြံပြုထားပါသည်။ **ပူးပေါင်းလုပ်ကိုင်မှုကိုအားပေးသည့်** နောက်ဆုံး နည်းလမ်းသည် သင်ယူမှုကို စစ်ဆေးအကဲဖြတ်သည့်အခါ အပြန်အလှန်ဆက်ဆံမှုပုံစံများအတွက် အကြံအချို့ပေးထားပါသည်။

| စစ်ဆေးအကဲဖြတ်မှုအပိုင်း | မေးခွန်း | နည်းလမ်းများ | စာမျက်နှာ |
|---|---|---|---|
| **သင်ယူစဉ်** | **ဘယ်မှာ ရောက်နေပါသနည်း** | **နည်း ၁ -** သင်ယူမှုရလဒ်များ | ၁၁ |
| | | **နည်း ၂ -** မေးခွန်းမေးခြင်း | ၁၁ |
| | | **နည်း ၃ -** စောင့်ကြည့်လေ့လာခြင်းနှင့် ကြည့်ရှုအကဲခတ်ခြင်း | ၁၂ |
| | | **နည်း ၄ -** ပူးပေါင်းဆောင်ရွက်မှုကိုအားပေးခြင်း | ၁၂ |
| | | **သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုနည်းစနစ်များ** | |
| | | ၃၊ ၂၊ ၁ | ၁၈ |
| | | ၅၊ ၃၊ ၁ | ၂၀ |
| | | ဘတ်စကက်ဘောမေးခွန်း | ၂၂ |
| | | တစ်မိနစ်စာရွက် | ၂၉ |
| | | တစ်မိနစ်ပြဿနာ | ၃၁ |
| | | ကျောင်းသားအဖြေကဒ် | ၃၃ |
| | | လေ့လာမှုကဒ် | ၃၅ |
| | | လက်မထောင်/စိုက်/လှဲ | ၃၇ |
| | | မီးပွိုင့် | ၃၈ |
| | | ကြယ်စင်က နှစ်၊ ဆန္ဒက တစ် | ၄၀ |

**နည်း ၁ - သင်ယူမှုရလဒ်များ**

- သင်ခန်းစာတစ်လျှောက် နေရာအသီးသီးတွင် သင်ယူမှုရလဒ်များကို ပြန်လှန်သုံးသပ်ခြင်း
- ဤလက်စွဲစာအုပ်တွင်အကြံပြုထားသည့် နည်းအချို့ကိုသုံးပြီး သင်ခန်းစာတစ်လျှောက်နေရာအသီးသီးတွင် သင်ယူမှုရလဒ်တစ်ခုချင်းနှင့်ဆက်စပ်ပြီး ကျောင်းသူကျောင်းသားတို့အား ၎င်းတို့၏တိုးတက်မှုကို စစ်ဆေးအကဲဖြတ်စေခြင်း

**နည်း ၂ - မေးခွန်းမေးခြင်း**

- အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများ မျှမျှတတမေးခြင်း
- အဆင့်မြင့်မေးခွန်းနှင့် အဆင့်နိမ့်မေးခွန်း မျှမျှတတမေးခြင်း
- 'အဘယ့်ကြောင့်နည်း'အပါအဝင် ဝေဖန်ပိုင်းခြားမှုကို အားပေးသည့် မေးခွန်းများနှင့် မိမိတို့အဖြေအတွက် အကြောင်းပြရမည့်အခြားမေးခွန်းများကိုမေးခြင်း
- ကျောင်းသူကျောင်းသား အတော်များများအား အမည်တပ်ခေါ်ကာ ဖြေကြားစေပါ။ တစ်ဦးချင်းအတွက် သင့်တော်မည့် မေးခွန်းများရွေးပါ။ သင့်တော်လျှင် 'ကြံ့ရာကျပန်း'မေးပါ။
- စောင့်ချိန်/တွေးချိန် သင့်တော်သလိုပေးပါ။
- တွေးတော-တွဲဖက်-ဝေမျှ နည်းသုံးပါ. Think-Pair-Share - The Teacher Toolkit
- မေးခွန်းမေးပြီး ကျောင်းသူကျောင်းသားများ အုပ်စုလိုက်ဆွေးနွေး ဖြေကြားကြပါစေ။
- အခြား ကျောင်းသူကျောင်းသားများ၏အဖြေများကို သဘောတူမတူ ကျောင်းသူကျောင်းသား တစ်ယောက်ချင်းကို မေးမြန်းပါ။

*(The Teacher Toolkit http://www.theteachertoolkit.com/index.php/tool/all-tools)*

## နည်း ၃ - စောင့်ကြည့်လေ့လာခြင်းနှင့် ကြည့်ရှုအကဲခတ်ခြင်း

- ကျောင်းသူကျောင်းသားတို့၏သင်ယူမှု (၎င်းတို့၏တုံ့ပြန်မှုများနှင့်အခက်အခဲများ)ကို စောင့်ကြည့်လေ့လာပါ။
- ကျောင်းသူကျောင်းသားတို့၏ တုံ့ပြန်မှုများနှင့်အခက်အခဲများကို မှတ်စုများရေးသားပါ။
- ကျောင်းသူကျောင်းသားစုံလင်အောင် စောင့်ကြည့်လေ့လာ/ကြည့်ရှုအကဲခတ်ခြင်းဖြင့် တစ်ဦးချင်း တစ်အုပ်စုချင်းကို  စောင့်ကြည့်လေ့လာရာတွင် တစ်သမတ်တည်းနှင့် သာတူညီမျှတရှိပြီး အပြုသဘော ဆောင်ပါစေ။
- တုံ့ပြန်ဖြေကြားသည့်အခါ အဖြေမှန်ဥပမာများကိုပေးရန် မှတ်စုများ(ကျောင်းသူကျောင်းသားတို့၏ တုံ့ပြန်မှုများနှင့်အခက်အခဲများအကြောင်း)ကို သုံးပြီး အခက်ကြုံလျှင် နောက်ထပ်ပံ့ပိုးပေးပါ။
- စောင့်ကြည့်လေ့လာစဉ် သင်ယူသူအချို့ ရုန်းကန်နေရသည်ကိုတွေ့လျှင် သင်ခန်းစာ နောက်တစ်ဆင့် ဆက်မသွားမီ ဆက်လက်သင်ကြားရန်လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။
- အချိန်ကာလတစ်ခုအတွင်း ကျောင်းသူကျောင်းသားတို့၏ စွမ်းရည်များကို ပြည့်ပြည့်စုံစုံ သိလာနိုင်ရန် သင်ခန်းစာတစ်ခုလျှင် သင်ယူသူနှစ်ယောက်သုံးယောက်ကျစီကို အာရုံစိုက်ပါ။
- စောင့်ကြည့်လေ့လာစဉ် ကြည့်ရှုအကဲခတ်မှုရလဒ်များကို (နည်းလမ်းတကျ သို့မဟုတ် အလွတ်သဘော) မှတ်သားပါ။

## နည်း ၄ - ပူးပေါင်းဆောင်ရွက်ရန် အားပေးခြင်း

- စာသင်ခန်းကို  ထိရောက်သော စီမံခန့်ခွဲနည်းများသုံးပြီး ကျောင်းသူကျောင်းသားတို့ တတ်နိုင်သမျှ ပူးပေါင်း ဆောင်ရွက်ကြပါစေ။
- ကျောင်းသူကျောင်းသားများကို သင့်တော်သည့်နည်းလမ်း (နှင့် သင့်တော်သည့် အရေအတွက်)ဖြင့် အုပ်စုများဖွဲ့ပေးပါ။ အုပ်စုဖွဲ့လုပ်ဆောင်မှုကို ထိထိရောက်ရောက် စီစဉ်ပြီး စောင့်ကြည့်လေ့လာပါ။
- ကျောင်းသူကျောင်းသားအချင်းချင်း သင်ယူမှုအခွင့်အလမ်းများကို များနိုင်သမျှများစေမည့် အပြန်အလှန် ဆက်ဆံမှုပုံစံ အမျိုးမျိုးသုံးပါ။
- ပူးပေါင်းဆောင်ရွက်မှု၊  အပြန်အလှန်ဆက်ဆံမှု တတ်နိုင်သမျှ မြင့်မားစေရန် သင့်တော်သည့်အခါတွင် ကျောင်းသူကျောင်းသားများကို သီးသန့်အခန်းကဏ္ဍများ ချမှတ်ပေးပါ။
- အုပ်စုလိုက် တုံ့ပြန်ဖြေကြားစဉ် ကျောင်းသူကျောင်းသား များနိုင်သလောက်များများ ပါဝင်ပါစေ။ ဥပမာ အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ပြီးလျှင် တစ်အုပ်စုလျှင်တစ်ဦးကျ သင်ပုန်းသို့သွားစေပြီး အုပ်စုမှ အဖြေများကို ရေးကြရန်။ အခြားနည်းများမှာ ဘက်စကက်ဘောမေးခွန်းမေးနည်း (သို့) ကျောင်းသားအဖြေကဒ်နည်း စသည့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းတစ်ခုသုံးပြီး  ကျောင်းသူကျောင်းသား ခပ်များများအား ဖြေဆိုကြပါစေ။

# အဆင့် ၃ - သင်ယူပြီး - မိမိဦးတည်ရာသို့ ရောက်ခဲ့ပါသလား။ နောက်ထပ်ဘာလုပ်ရန် လိုအပ်ပါမည်နည်း။

ဤအပိုင်းတွင် သင်ခန်းစာအပြီးတွင် သင်ယူမှုရလဒ်များကိုမည်မျှပြည့်မီခဲ့ကြောင်း ဆရာ/မကဆန်းစစ်နိုင်မည့် နည်းလမ်းများနှင့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများကို အကျဉ်းပြသထားပါသည်။ သင်ခန်းစာတွင် ကျောင်းသူကျောင်းသားတို့ နားလည်သည့် အရာနှင့် နားမလည်သည့်အရာများကို စစ်ဆေးနိုင်မည့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းအချို့ကို အကြံပြုထားပါသည်။ ထို့ပြင် ၎င်းနည်းများကို မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း၊ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းသူကျောင်းသားတို့ ကိုယ်တိုင်မေးခွန်းများထုတ်ခြင်း အပါအဝင် ကျောင်းသားဗဟိုပြုနည်းများဖြင့် သုံးနိုင်ပုံကိုလည်း အကြံပြုထားပါသည်။

| စစ်ဆေးအကဲဖြတ်မှု အပိုင်း | မေးခွန်း | နည်းလမ်းများ | စာမျက်နှာ |
|---|---|---|---|
| **သင်ယူမှုအပြီး** | **မိမိ ဦးတည်ရာကို ရောက်ခဲ့ပါသလား။ နောက်ထပ်ဘာလုပ်ရန် လိုအပ်ပါမည်နည်း။** | **နည်း ၁** - တုံ့ပြန်ဖြေကြားမှု | ၁၄ |
| | | **နည်း ၂** - မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း | ၁၄ |
| | | **နည်း ၃** - အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း | ၁၅ |
| | | **နည်း ၄** - ကျောင်းသားထုတ်သည့် မေးခွန်းများ | ၁၅ |
| | | **နည်း ၅** - သင်ကြားရေးကို သုံးသပ် အကဲဖြတ်မှု | ၁၆ |
| | | **သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ** | |
| | | ၃၊ ၂၊ ၁ | ၁၈ |
| | | အထွက်လက်မှတ် | ၂၅ |
| | | တစ်မိနစ်စာရွက် | ၂၉ |
| | | တစ်မိနစ်ပြဿနာ | ၃၁ |
| | | ကျောင်းသားအဖြေကဒ် | ၃၃ |
| | | လေ့လာမှုကဒ် | ၃၅ |
| | | မီးပွိုင့် | ၃၈ |
| | | တြိဂံ - စတုရန်း - စက်ဝိုင်း | ၃၉ |
| | | ကြယ်စင်က နှစ်၊ ဆန္ဒက တစ် | ၄၀ |
| | | ပတ်လည်လှည့်ပါ | ၄၁ |

| **နည်း ၁ - တုံ့ပြန်ဖြေကြားခြင်း** |
|---|
| • သင်ယူမှုရလဒ်များနှင့် ၎င်းတို့ကိုမည်မျှပြည့်မီကြောင်း ပြန်လှန်သုံးသပ်ပါ။<br>• အောင်မြင်/မအောင်မြင်သူများကို ခွဲခြားသည့် တုံ့ပြန်ဖြေကြားမှု ပေးမည့်အစား ကျောင်းသူကျောင်းသား အားလုံး အလားအလာရှိကြောင်း အသိအမှတ်ပြုသည့် အပြုသဘောဆောင်သော တုံ့ပြန်ဖြေကြားမှုပေးပါ။<br>• ကျောင်းသူကျောင်းသားတစ်ဦးချင်းလုပ်ဆောင်မှု၏ အားသာချက်များသာမက တိုးတက်ရန်လိုသည့်နေရာများကို အသိအမှတ်ပြုပါ။<br>• (က) အမှားပြင်ရန်ရည်ရွယ်မည့်အစား (ခ) အမှားကို စနစ်မကျဘဲ ပြင်ပေးမည့်အစား တိုးတက်ရန်နယ်ပယ်များကို စနစ်တကျ ရွေးချယ်ပါ။<br>• ကျောင်းသူကျောင်းသား၏ စွမ်းဆောင်မှုကို မည်ကဲ့သို့ပိုမိုကောင်းမွန်အောင်လုပ်နိုင်ကြောင်း အနှစ်ချုပ်ပြီး တုံ့ပြန်ဖြေကြားပါ။<br>• ကောင်း/ကောင်းသည်ကို ရောနှောပြီး တုံ့ပြန်ဖြေကြားမှုလုပ်ကာ ကျောင်းသူကျောင်းသားအချင်းချင်းလည်း အလားတူတုံ့ပြန်ကြပါစေ။<br>• အမှတ်နှင့်ဆုလာဘ်ပေးမည့်အစား ကျောင်းသူကျောင်းသားတစ်ဦးချင်းကို မှတ်ချက်ပေးပါ။<br>• အရေးအသားစစ်ဆေးအကဲဖြတ်ရာတွင် အမှားပြင်ရန်သင်္ကေတများ သုံးပါ။ ပြန်ရေးရန်အားပေးပါ။ |

| **နည်း ၂ - မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း** |
|---|
| • ကျောင်းသူကျောင်းသားများ မိမိတို့သင်ယူမှုကို ကိုယ်တိုင်ဆန်းစစ်နိုင်ရန် သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းတစ်ခုကိုသုံးပါ။<br>• ကျောင်းသူကျောင်းသားတို့ မိမိတို့သင်ယူမှုကို ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ရန် အောင်မြင်မှုအတွက်စံများပေးပါ။<br>• မိမိတို့၏သင်ယူမှုနှင့် ဘာကိုဆက်လက်လေ့လာ/လေ့ကျင့်ရမည်မှန်းသိရန် သင်ယူမှု/ပြန်လည်သုံးသပ်မှုဂျာနယ်ကို ကျောင်းသူကျောင်းသားတို့အား ထားရှိစေပါ။<br>• ကျောင်းသူကျောင်းသားတို့အား တစ်ဦးချင်းမှတ်တမ်းများ ထားရှိစေပြီး ထိရောက်သော သင်ယူမှုနှင့် ပြန်လည်သုံးသပ်မှုသာဓကများကို ရွေးချယ်ရေးမှတ်ကြပါစေ။ |

**နည်း ၃ - အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း**

- သင့်တော်သည့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းတစ်ခုကိုသုံးပြီး အချင်းချင်းစစ်ဆေးအကဲဖြတ်မှု/တုံ့ပြန်ဖြေကြားမှုအတွက် အခွင့်အလမ်းများပေးပါ။ ဥပမာ 'ကြယ်စင်က နှစ်၊ ဆန္ဒက တစ်'၊ 'အထွက်လက်မှတ်မေးခွန်း'
- အုပ်စုလိုက်စစ်ဆေးအကဲဖြတ်ရန်အခွင့်အလမ်းပေးပါ။ ဥပမာ ကျောင်းသူကျောင်းသားတို့က 'လေ့လာမှုကဒ်' ကို မိမိအုပ်စုတွင် အတူတူလုပ်ကြပါသည်။
- သင်ခန်းစာတွင် အချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်ရန် အောင်မြင်မှုအတွက်စံများကိုပေးပါ။
- ရေးသားမှုအတွက် အချင်းချင်းတုံ့ပြန်ဖြေကြားရာတွင် အမှားပြင်ရန်သင်္ကေတများကို သုံးကြပါစေ။
- စွမ်းဆောင်မှုကို ဆန်းစစ်နိုင်ရန် ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် အောင်မြင်မှုအတွက်စံများ ထုတ်ကာ စွမ်းဆောင်မှုကို စစ်ဆေးအကဲဖြတ်ကြပါစေ။

**နည်း ၄ - ကျောင်းသူကျောင်းသားတို့ထုတ်သည့်မေးခွန်းများ**

- ရှင်းရှင်းလင်းလင်းနားလည်ရန်နှင့် သင်ခန်းစာတွင်မရှင်းသည့်အကြောင်းအရာများကိုရှင်းပြရန် ဆရာ/မကို ကျောင်းသူကျောင်းသားတို့မေးခွန်းမေးသည်။
- ကျောင်းသူကျောင်းသားအချင်းချင်း သင်ယူမှုအတိုင်းအတာကို စစ်ဆေးအကဲဖြတ်ရန် မေးခွန်းမေးသည်။
- ကျောင်းသူကျောင်းသားတို့ မေးခွန်းရေးပြီး မေးခွန်းပုံးထဲထည့်ခြင်း (သို့) မေးခွန်းပိုစတာမှာကပ်ခြင်းများပြုလုပ်ကြသည်။
- ကျောင်းသူကျောင်းသားများ အချင်းချင်းဖြေဆိုရန် ပဟေဠိများလုပ်ကြသည်။

**နည်း ၅ - သင်ကြားရေးကို သုံးသပ်အကဲဖြတ်ခြင်း**

- စာသင်ခန်းသင်ကြားရေးထိရောက်မှု၊ သင်ကြားရေးက သင်ယူမှုကို ပံ့ပိုးသည့်အတိုင်းအတာနှင့် ဆက်လက်ပံ့ပိုးရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းတို့ကို အကဲဖြတ်နိုင်ရန် ကျောင်းသူကျောင်းသားများက မေးခွန်း (သို့) မေးခွန်းလွှာကို ဖြေကြားခြင်းဖြင့် ဆရာ/မအား တုံ့ပြန်ဖြေကြားသည်။
- အချိန်မှန်မှန် တုံ့ပြန်ဖြေကြားစေသည်။ ဥပမာ အပတ်စဉ် (သို့) လစဉ်
- ကျောင်းသူကျောင်းသားများအား အုပ်စုငယ်များဖွဲ့ပြီးလုပ်ဆောင်စေသည်။
- ကျောင်းသူကျောင်းသားများအား မေးခွန်းလွှာကိုရေးဖြည့်စေပြီး တုံ့ပြန်ဖြေကြားစေသည်။

အောက်ပါတို့သည် ဥပမာအချို့ဖြစ်ပါသည်။

ဥပမာ ၁

မိမိ၏သင်ယူမှုကို အများဆုံးအထောက်အကူပြုသည့် စာသင်ခန်းတွင်းလုပ်ဆောင်ချက်တစ်ခုကိုဖော်ပြပါ။

မိမိ၏သင်ယူမှုကို အထောက်အကူမပြုသော စာသင်ခန်းတွင်းလုပ်ဆောင်ချက်တစ်ခုကိုဖော်ပြပါ။

ဥပမာ ၂

မိမိတို့ စာသင်ခန်းတွင်းသင်ယူပုံတွင် သင် ပြောင်းလဲလိုသည့်အရာတစ်ခုမှာ အဘယ်နည်း။

စာသင်ခန်းတွင်း၌ ဆရာ/မကို စတင်လုပ်စေလိုသည့် အရာတစ်ခုမှာ အဘယ်နည်း။

စာသင်ခန်းတွင်း၌ ဆရာ/မကို ဆက်မလုပ်စေလိုသည့် အရာတစ်ခုမှာ အဘယ်နည်း။

စာသင်ခန်းတွင်း၌ မိမိဆက်လုပ်လိုသည့် အရာတစ်ခုမှာ အဘယ်နည်း။

(*Lynch Myles, (2021) 11 exit ticket questions you can use with your students* ကို မှီငြမ်းပါသည်။)

# သင်ယူစဉ်စစ်ဆေးအကဲဖြတ်နည်းများ

# ၃၊ ၂၊ ၁

**သုံးရမည့်အချိန်**

- လုပ်ဆောင်ချက်အပြီး (သို့) တစ်နေ့တာအဆုံးတွင် ပြန်လည်သုံးသပ်မှုအဖြစ်
- သင်ခန်းစာသင်ကြားစဉ် နားလည်မလည်စစ်ဆေးရန်

**အဘယ်ကြောင့်သုံးပါသနည်း**

- ကျောင်းသူကျောင်းသားများ ၎င်းတို့နားလည်သလိုရေးမှတ်ရန်အတွက်  ပုံစံတစ်ခုပေးရန်နှင့် သင်ယူမှုကိုအနှစ်ချုပ်ရန်
- ကျောင်းသူကျောင်းသားတို့ စည်းစနစ်ကျကျ ပြန်လည်သုံးသပ်ကြစေရန်
- ပြန်လည်သင်ကြားရန်လိုအပ်သည့် ဖြစ်နေကျပြဿနာနယ်ပယ်များကို ဖော်ထုတ်ရန်
- ကျောင်းသူကျောင်းသားတို့ သင်ယူရန်စိတ်ဝင်စားသည့်အရာများကို ဖော်ထုတ်ရန်

**ခန့်မှန်းကြာချိန်**

၅-၇ မိနစ်

**လုပ်ငန်းစဉ်**

၁. သင်ခန်းစာဆုံးတွင် အောက်ပါအစဖော်ထောက်ပေးသည့်အချက်များကို သင်ပုန်းပေါ်ရေးပါ။

ယနေ့သင်ယူခဲ့သည့်အရာ **၃** ခု

မိမိစိတ်ဝင်စားသည့်အရာ **၂** ခု

သင်ခန်းစာအတွက်မေးလိုသည့် မေးခွန်း **၁** ခု

၂. တစ်ဦးချင်း၊ နှစ်ယောက်တွဲ (သို့) အုပ်စုဖွဲ့လုပ်ကြပါစေ။ မှတ်ချက် - ပထမဆုံးလုပ်ချိန်တွင် တစ်တန်းလုံးလုပ်ဆောင်ချက်အဖြစ် ဆရာ/မက နမူနာလုပ်ပြနိုင်ပါသည်။

၃. ၃-၂-၁ ကို မှတ်စုစာအုပ်၊ ကပ်ခွာစက္ကူတို့ဖြင့် ဖြေကြားကြပါစေ။

၄. သင်ခန်းစာကို ကျောင်းသူကျောင်းသားများ မည်မျှနားလည်ပြီး လိုက်မှီကြောင်း ဆုံးဖြတ်ရန် အဖြေအချို့ကို အလွတ်သဘော ပြန်လှန်သုံးသပ်ပါ။

၅. နောက်သင်ခန်းစာတွင် ဖြေကြားနိုင်အောင် အမေးများသည့်မေးခွန်းအချို့ကို မှတ်သားပါ။

**အခြားနည်းများ**

ကျောင်းသူကျောင်းသားများက အချက်အလက်သစ် ၃ ချက်၊ မေးခွန်း ၂ ခုနှင့် ၎င်းတို့ပိုမိုသိလိုသည့် အတွေးအမြင်တစ်ခုကို စာရင်းပြုပါစေ။

<u>စာဖတ်ခြင်း ၃၊ ၂၊ ၁</u>

ကျောင်းစာအုပ်မှစာကို ဖတ်စဉ် ကျောင်းသူကျောင်းသားတို့မှတ်သားရန်

- စာမှအရေးအကြီးဆုံးအတွေးအမြင် ၃ ခု
- ထောက်ခံသည့်အတွေးအမြင်၊ အကြောင်းပြချက် ၂ ခု
- စာအကြောင်း ၎င်းတို့မေးလိုသည့်မေးခွန်း ၁ ခု

ပိရမစ် ၃,၂,၁

ကျောင်းသူကျောင်းသားတို့ တြိဂံတစ်ခုဆွဲပြီး သုံးပိုင်းပိုင်းကြပါစေ။

- အောက်ခြေတွင် ၎င်းတို့ယနေ့လေ့လာခဲ့သည့် အရာ ၃ ခုကိုရေးရန်။
- အလယ်ပိုင်းတွင် မေးခွန်း ၂ ခုရေးရန်။
- ထိပ်ပိုင်းတွင် သင်ခန်းစာပါ အချက်အလက်များ အသုံးဝင်ပုံ၊ ၎င်းတို့ဘဝအတွက်အသုံးချနိုင်ပုံဖော်ပြရန်။

ပြန်လည်သုံးသပ်ရာတွင် စိတ်ကြိုက်ပြောဆိုနိုင်သော်လည်း သင်ခန်းစာပြန်လှန်သုံးသပ်အနှစ်ချုပ်ရာတွင် အောက်ပါဥပမာများမှာကဲ့သို့ မှတ်မိသည်ကို အစဖော်မှုများကိုသုံးလိုက သုံးနိုင်ပါသည်။

ဂျီသြမေထြီ

ကျောင်းသူကျောင်းသားတို့ အမည်တပ်ခေါ်ဆိုရန်

တြိဂံ ၃ မျိုး

စတုဂံ ၂ မျိုး

မျဉ်းပြိုင်တစ်စုံတည်းပါသည့် ပုံ ၁ မျိုး

**ပုံစံဇယား**

၃-၂-၁ ပုံစံဖြင့်သုံးလိုသော အစဖော်ထောက်ပေးသည့်အချက်များမှာ သင့်သင်ခန်းစာ ရည်ရွယ်ချက်နှင့် ကျောင်းသူကျောင်းသားတို့၏ လိုအပ်ချက်များအပေါ် မူတည်ပါသည်။ ထိုသို့ ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းကြောင့် ကွဲပြားခြားနားရန် လွယ်ကူပါသည်။ ဥပမာအချို့မှာ

| | |
|---|---|
| ၃ | သင်ကြားခဲ့သည့်အရာ ၃-ခု |
| ၂ | လုပ်နိုင်သည့်အရာ ၂-ခု |
| ၁ | မေးစရာ ၁-ခု |

| | |
|---|---|
| ၃ | ယနေ့သင်ခန်းစာမှ အတွေးအမြင် ၃-ခု<br>၁.<br>၂.<br>၃. |
| ၂ | ယနေ့သင်ခန်းစာမှစကားလုံးသစ် ၂-ခု<br>၁.<br>၂. |
| ၁ | ယနေ့သင်ခန်းစာမှ အခက်အခဲ ၁-ခု<br>၁. |

***Link:*** *https://www.theteachertoolkit.com/index.php/tool/3-2-1*

## ၅၊ ၃၊ ၁

**သုံးရမည့်အချိန်**

- အဓိပ္ပါယ်ရှိရှိစကားပြောနိုင်ရေးအတွက် ပံ့ပိုးပေးရန် သင်ခန်းစာသင်ကြားစဉ်မည်သည့်အချိန်မဆို
- အကြောင်းအရာသစ်မိတ်မဆက်မီ ယခင်အသိပညာကို နှိုးဆွရန်
- စာတိုတစ်ပုဒ်ဖတ်အပြီး (သို့) ဗီဒီယိုအတိုကြည့်အပြီး ပါဝင်သည့်အဓိကအတွေးအမြင်များကို စူးစမ်းခြင်း၊ နားလည် မလည် စစ်ဆေးခြင်းနှင့် ဆွေးနွေးစေခြင်းတို့လုပ်ဆောင်ရန်

**အဘယ်ကြောင့်သုံးပါသနည်း**

- အကြောင်းအရာအကြောင်း ယခင်ကသိထားသည်များကို စစ်ဆေးအကဲဖြတ်ရန်
- ကျောင်းသူကျောင်းသားများ၏ နားလည်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရန်
- ပါဝင်သည့် အရေးအကြီးဆုံးအသိသညာများ၊ အကြောင်းအရာများသည် တန်ဖိုးရှိသော ကျွမ်းကျင်မှုတစ်ခု ဟုတ်မဟုတ် ဆုံးဖြတ်ရန်နှင့် ကျောင်းသူကျောင်းသားတို့မှတ်စုရေးသည့်စွမ်းရည်ကို ပံ့ပိုးရန်

**ခန့်မှန်းကြာချိန်**

၁၀-၁၅ မိနစ်

**လုပ်ငန်းစဉ်**

၁. သင်ခန်းစာအကြောင်းအရာနှင့်ဆက်နွယ်သည့်မေးခွန်းတစ်ခုမေးပါ။ အဖြေမျိုးစုံရနိုင်ရပါမည်။

ဥပမာမေးခွန်း

| |
|---|
| အင်္ဂလိပ်ဘာသာဖြင့်စာဖတ်သင်ခြင်းနှင့် မြန်မာဘာသာဖြင့်စာဖတ်သင်ခြင်းတို့ မည်သို့ကွဲပြားပါသနည်း။<br><br>*Curriculum & Pedagogy Studies: English, Year 1 Semester 2, Unit 5.1.1 Learning to read* |

၂. ကျောင်းသူကျောင်းသား**တစ်ဦးချင်း** အကြောင်းအရာနှင့်သက်ဆိုင်သော ဖြစ်နိုင်သည့်**အဖြေ/အတွေးအမြင် ၅ ခု**ကို အမြန် စဉ်းစားရန်

၃. **အတွဲလိုက်** အဖြေများကို ယှဉ်ကြည့်ကြပါစေ။ တစ်တွဲချင်း အကောင်းဆုံး **အဖြေ/အတွေးအမြင် ၃** ခုကို ရွေးချယ်ကြရန်။

၄. နှစ်တွဲစီပြန်ပေါင်းပြီး **လေးဦးပါအုပ်စု**များ ဖွဲ့ကြပါစေ။ တစ်အုပ်စုချင်း အဖြေ/အတွေးအမြင်များတိုက်ကြပြီး **အကောင်းဆုံး/ အရေးကြီးဆုံး**ဟု ထင်သည့်**အဖြေတစ်ခု**ရွေးချယ်ကြရန်။

၅. တောက်လျှောက် စောင့်ကြည့်လေ့လာပါ။

၆. အဆုံးသတ်စုံညီတွေ့ခြင်း (သို့) တစ်အုပ်စုချင်း သင်ပုန်းပေါ်တွင် အကောင်းဆုံးအဖြေများရေးစေခြင်းဖြင့် မေးမြန်း ဖော်ထုတ်ပါ။

၇. မိမိတို့ရွေးချယ်မှုကို အုပ်စုများမှအကြောင်းပြကြပါစေ။

**ပုံစံဇယား**

# ၅၊ ၃၊ ၁

ဤမေးခွန်း (သို့) ပြဿနာအကြောင်း သင့်အတွေးအမြင် **၅** ခုကို တစ်ယောက်ချင်းရေးပါ။

၁.________________________________________________________________________

၂.________________________________________________________________________

၃.________________________________________________________________________

၄.________________________________________________________________________

၅.________________________________________________________________________

နှစ်ယောက်တွဲပြီး အကောင်းဆုံးအဖြေ **၃** ခုကို ဆုံးဖြတ်ပါ။

၁.________________________________________________________________________

၂.________________________________________________________________________

၃.________________________________________________________________________

နောက်တစ်တွဲနှင့်ထပ်ပေါင်းပြီး လေးယောက်ပါအုပ်စုများဖွဲ့ပါ။ လူတိုင်း၏အတွေးအမြင်ကို ပြန်လှန်သုံးသပ်ပါ။

အရေးအကြီးဆုံးဟုထင်သည့် အတွေးအမြင် **၁** ခုကိုရွေးချယ်ပါ။

၁.________________________________________________________________________

**Link:** https://www.theteachertoolkit.com/index.php/tool/5-3-1

# ဘက်စကက်ဘောမေးခွန်း (သို့မဟုတ် ဘောလုံးပုတ်ခြင်း)

## သုံးရမည့်အချိန်

- လုပ်ဆောင်ချက်တစ်ခုအတွင်း ဆရာ/မချည်း မေးခွန်းမေးမှုကို ရပ်တန့်ရန်
- သင်ခန်းစာကို သင်ယူသူ ပိုမိုဗဟိုပြုစေရန်
- တစ်နေ့တာတွင် အတန်းကို စိတ်ပါဝင်စားစေရန်နှင့် ပြန်လည်လန်းဆန်းစေရန်

## အဘယ်ကြောင့်သုံးပါသနည်း

- ဆရာ/မမှ ကျောင်းသူကျောင်းသားထံ၊ ထိုမှတစ်ဆင့် ကျောင်းသူကျောင်းသားအချင်းချင်းအကြား စကားအချီအချ ဆက်လက်ပြောစေရန်
- ဆက်စပ်တွေးတောမှုနှင့် စိတ်ကူးစိတ်သန်းများကို ဖော်ဆောင်ရန်
- နားလည်မှုကို ထပ်ဆင့်တည်ဆောက်ရန်နှင့် ကျောင်းသူကျောင်းသားတို့တွင် ပိုမိုအားကောင်းသည့် အကျိုးအကြောင်းသင့် ဆင်ခြင်နိုင်စွမ်း တိုးတက်ဖွံ့ဖြိုးစေရေးကို အားပေးရန် အဖြေများကို ပေးစေရန်

## ခန့်မှန်းကြာချိန်

၁၀ မိနစ်

## လုပ်ငန်းစဉ်

၁. မေးခွန်းတစ်ခုမေးပြီး စတင်ဆွေးနွေးပါ။

ဥပမာ

| |
|---|
| ကလေးများအား ပုံပြောခြင်းဖြင့် အင်္ဂလိပ်ဘာသာစကား သင်ယူမှုကို မည်သို့အထောက်အကူဖြစ်နိုင်ပါမည်နည်း။<br><br>*Curriculum & Pedagogy Studies: English, Year 1 Semester 2, Unit 7.1.3 Storytelling* |

၂. ကျောင်းသူကျောင်းသားတစ်ယောက်ကို ဘောလုံးဖြင့်ပစ်ပြီး ဖြေကြားစေရန်။

၃. ဖြေပြီးလျှင် ထိုကျောင်းသူကျောင်းသားက နောက်တစ်ယောက်ထံ ဘောလုံးပစ်ပါစေ။ နောက်ကျောင်းသူကျောင်းသားက အဖြေကိုအသေးစိတ်ဆက်ရှင်းလင်းခြင်း၊ နောက်ထပ်အဖြေတစ်ခုပေးခြင်း သို့မဟုတ် နောက်ဆက်တွဲမေးခွန်းများမေးခြင်း တစ်ခုခုကိုလုပ်နိုင်ပါသည်။

၃. အဓိကအချက်အားလုံး ငုံမိသည့်တိုင်ဆက်လုပ်ပါ။

မှတ်ချက်။ ။ မပြည့်မစုံသည့် အတွေးအမြင်များလည်း လက်ခံပါ သို့ရာတွင် ကျောင်းသူကျောင်းသားတို့အား အသေးစိတ်ဆက်ဖြေရန်အားပေးပါ။ "သီတာ့အဖြေကို မင်း ဘယ်လိုထင်သလဲ"၊ "နေလင်းအဖြေကို ပို အသေးစိတ် ဖြေလို့ရမလား" စသဖြင့် မေးနိုင်ပါသည်။

**အခြားနည်းများ**

- ပင်ပေါင်မေးခွန်းများသည် ပိုမိုထိန်းချုပ်နိုင်သည့် အခြားတစ်နည်းဖြစ်ပြီး ဆရာ/မက စီမံပါသည်။ ကျောင်းသူကျောင်းသားတစ်ယောက် ဖြေပြီးတိုင်း ဘောလုံးက ဆရာ/မထံပြန်သွားသည်။ ဆရာ/မက နောက်ကျောင်းသူကျောင်းသားတစ်ယောက်ကို ဖြေဆိုရန်ရွေးချယ်သည်။

- 'နာမည်တစ်ခုရွေးခြင်း'မေးမြန်းနည်းကိုသုံးကာ ကျောင်းသူကျောင်းသားတို့အမည်ကို အိတ်တစ်လုံးမှ နှိုက်ယူနိုင်ပါသည်။ ဤသို့ ကျပန်းရွေးချယ်နည်းမှာ ပိုမိုတရားမျှတပြီး မည်သည့်ကျောင်းသူကျောင်းသားကိုရွေးမည်ဆိုသည်ကိုလည်း စိုးရိမ်ဖွယ်မရှိတော့ပါ။ https://www.theteachertoolkit.com/index.php/tool/popsicle

**Link:** https://www.nwea.org/blog/2013/classroom-techniques-formative-assessment-idea-number-ten/

# အဝင်လက်မှတ်

## သုံးရမည့်အချိန်

- တစ်နေ့တာအစ ကျောင်းသူကျောင်းသားတို့ စာသင်ခန်းတွင်းဝင်သည့်အခါ
- အကြောင်းအရာတစ်ခုထံ လမ်းကြောင်းပေးမှုအဖြစ်

## အဘယ်ကြောင့်သုံးပါသနည်း

- အကြောင်းအရာသစ် (သို့)ဆွေးနွေးရန်အချက်ကို ကနဦးနားလည်မှုစစ်ဆေးအကဲဖြတ်ရန်
- ယူနစ်သစ်ကို ကျောင်းသူကျောင်းသားတို့ဘဝနှင့်ဆက်စပ်ပေးရန်နှင့် ယခင်အသိပညာ အတွေ့အကြုံတို့ကိုစစ်ဆေးရန်
- ကျောင်းသူကျောင်းသားတို့သင်ယူမှုကို စောင့်ကြည့်လေ့လာပြီး ယခင်သင်ကြားရေးကိုနားလည်မလည် စစ်ဆေးရန်
- ယမန်နေ့ကသင်ကြားရေးကိုပြန်လှန်သုံးသပ်ကာ ကျောင်းသူကျောင်းသားတို့မှတ်မိသည်များ၊ ၎င်းတို့အသုံးချနိုင်သည်များနှင့် မေးစရာရှိသည့်မေးခွန်းများကို စစ်ဆေးရန်

## ခန့်မှန်းကြာချိန်




၅-၇ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားတို့အတန်းထဲ ဝင်သည့်အခါ အဝင်လက်မှတ်တစ်ခုစီပေးပါ။ လက်မှတ်တစ်ခုချင်းသည် တူညီသည့် မေးခွန်း(သို့)အဆိုများ ပါဝင်ခြင်း၊ အကြောင်းအရာ/သင်ခန်းစာရလဒ်နှင့် ချိတ်ဆက်ခြင်းရှိရပါမည်။

နမူနာမေးခွန်း

| |
|---|
| အင်တာနက်သုံးရာတွင်ကြုံရသည့် ခြိမ်းခြောက်မှုနှင့် ဘေးအန္တရာယ်များကို ၂ မိနစ်တာအတွင်း တွေးနိုင်သလောက်ရေးချပါ။<br>*ICT Curriculum, Year 1 Semester 2, Unit 6.12 Protecting Yourself Online* |

၂. ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ဖွယ်ကို ချက်ချင်းလုပ်ကြပါစေ။
၃. (လုပ်ဆောင်လိုပါက) နှစ်ယောက်တွဲ(သို့)အုပ်စုလိုက် ကျောင်းသူကျောင်းသားများအဖြေတိုက်ကြပါစေ။
၄. အကြောင်းအရာကို ကျောင်းသူကျောင်းသားတို့ မည်မျှသိထားကြောင်း အကဲဖြတ်ရန် ဆရာ/မက အဝင်လက်မှတ်များကို ပြန်ကောက်ပါသည်။

## အခြားနည်းများ

- စက္ကူချွေတာရန် အဝင်မေးခွန်း(သို့)ပြဿနာကို သင်ပုန်းပေါ်ရေးပြီး ကျောင်းသူကျောင်းသားများ မှတ်စုစာအုပ် (သို့) ဂျာနယ်တွင် ပြီးအောင်လုပ်ကြပါစေ။
- (အထက်ပါအတိုင်း)အဝင်လက်မှတ်ကိုရေးဖြည့်သော်လည်း ဆရာ/မထံ မပေးရပါ။ သင်ခန်းစာအဆုံးတွင် ဆရာ/မက ၎င်းတို့အား အဝင်လက်မှတ်ပေါ်ထပ်ဖြည့်စေပြီး သင်ခန်းစာတွင် သင်ယူခဲ့သည်များကိုရေးစေပါသည်။ အဝင်အထွက် လက်မှတ် ဖြည့်ပြီးမှ အတန်းကပြန်ထွက်နိုင်ပါသည်။ သင်ခန်းစာတွင် သင်ယူခဲ့သည်များ ပြန်လည်သုံးသပ်ရာတွင် သုံးနိုင်ပါသည်။

**Link:** https://www.theteachertoolkit.com/index.php/tool/entry-ticket

# အထွက်လက်မှတ်

**သုံးရမည့်အချိန်**

- အပိတ်လုပ်ဆောင်ချက်အဖြစ်

**အဘယ်ကြောင့်သုံးပါသနည်း**

- သင်ခန်းစာမှ အဓိကအချက်အလက်များကို နားလည်မလည် စစ်ဆေးရန်
- သင်ခန်းစာနှင့်ဆက်စပ်သည့်အဓိကမေးခွန်းကို ကျောင်းသူကျောင်းသားများက ဖြေနိုင်မနိုင် စစ်ဆေးရန်
- သင်ခန်းစာတွင် ဘာကိုနားလည်/မလည်စစ်ဆေးရန်
- ပြန်လည်သင်ကြားရန်လိုမလို စစ်ဆေးရန်

**ခန့်မှန်းကြာချိန်**

၃-၅ မိနစ်

**လုပ်ငန်းစဉ်**

၁. သင်ခန်းစာမသင်မီ သင်ခန်းစာပါအဓိကအချက်များကို ကျောင်းသူကျောင်းသားတို့ နားလည်မလည် စစ်ဆေးအကဲဖြတ်ရန် မေးခွန်းတစ်ခု(သို့)တစ်စုံပြင်ဆင်ပါ။

၂. သင်ခန်းစာအပြီး သင်ပုန်းပေါ်မေးခွန်း(များ) ရေးပါ။

၃. ကျောင်းသူကျောင်းသားတို့က စာရွက်တစ်ပိုင်းပေါ် အဖြေ(များ)ရေးကာ အတန်းမှအထွက် ပြန်ပေးကြပါစေ။

၄. ကျောင်းသူကျောင်းသားတို့အဖြေကိုသုံးပြီး သင်ခန်းစာကိုမည်မျှနားလည်မလည် အကဲဖြတ်ပါ။ နောက်တစ်ဆင့် ဆက်မသွားမီ အကြောင်းအရာကို ပြန်လှန်သုံးသပ်ဖို့ လိုပါသလား။

**အထွက်လက်မှတ်အတွက် နမူနာမေးခွန်းများ**

- ယနေ့ သင်ခန်းစာတွင် သင်ယူခဲ့သည့်အနက် မည်သည်က အရေးအကြီးဆုံးနည်း။ အဘယ်ကြောင့်နည်း။
- သင်ခန်းစာအစတွင် သင် သိပ်မရေရာသော်လည်း ယခုနားလည်သွားသည့်အရာတစ်ခုက ဘာလဲ။
- ယနေ့ အတန်းဖော်တစ်ယောက်ကျောင်းပျက်သည်ဟုတွေးပါ။ စကားလုံး ၂၅ လုံး (သို့) ၂၅ လုံးအောက်သုံးပြီး သင်ခန်းစာကို မည်သို့ရှင်းပြမည်နည်း။
- သင်သည် ဆရာ/မတစ်ယောက်ဟု စိတ်ကူးလိုက်ပါ။ ယနေ့သင်ခန်းစာအတွက် ပဟေဠိတစ်ခု ဖန်တီးမည်ဆိုလျှင် မည်သည့်မေးခွန်းနှစ်ခုကိုထည့်မည်နည်း။
- မည်သည့်အပိုင်းများကို နားလည်ရ/ဖြည့်ရသည်မှာ အခက်ဆုံးဖြစ်ခဲ့ပါသနည်း။
- သင်ခန်းစာအကြောင်း မည်သည့်မေးခွန်းတစ်ခုကို  မေးလိုသေးပါသနည်း။

Loop – exit ticket questions ကို မှီငြမ်းပါသည်။




**အခြားနည်းများ**

***နှုတ်ဖြေ အထွက်လက်မှတ်***

ဆရာ/မ၏ အထွက်လက်မှတ်မေးခွန်းကို ကျောင်းသူကျောင်းသားတို့ရေးမဖြေဘဲ နှုတ်ဖြင့်ဖြေကြပါမည်။

**Link:** http://www.theteachertoolkit.com/index.php/tool/exit-ticket

# သိသည် သိလိုသည် သိလာသည် (KWL)

## သုံးရမည့်အချိန်

- သိပြီးသားကို ပြန်နွေးရန်၊ သင်ခန်းစာအစတွင် သင်ယူမှုအတွက် ရည်ရွယ်ချက်တစ်ရပ်ဖော်ဆောင်ရန်နှင့် သင်ခန်းစာအဆုံးတွင် သင်ယူခဲ့သမျှကို ပြန်အနှစ်ချုပ်ရန်

## အဘယ်ကြောင့်သုံးပါသနည်း

- ကျောင်းသူကျောင်းသား၏စိတ်ဝင်စားမှုကို နှိုးဆွပြီး အကြောင်းအရာသစ်အကြောင်း ရှိပြီးသားအသိပညာကိုပြန်နွေးရန်
- သင်ခန်းစာအတွင်း တိုးတက်မှုကို စောင့်ကြည့်လေ့လာရန်
- ကျောင်းသူကျောင်းသားများ၏ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည် ဖွံ့ဖြိုးရန်

## ခန့်မှန်းကြာချိန်

အစပိုင်း ၅ မိနစ် + အဆုံးတွင် ၅ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားတစ်ယောက်ချင်းအား KWL ဇယားတစ်ခုစီကိုပေးပါ (သို့) ၎င်းတို့မှတ်စုစာအုပ်တွင် အတိုင်သုံးခု ပါသည့် ဇယားတစ်ခုစီ ဆွဲကြပါစေ။

၂. ယနေ့သင်ခန်းစာအတွက် အကြောင်းအရာနှင့်ရည်ရွယ်ချက်ကို ပြောပြပါ။

၃. သင်ခန်းစာမတိုင်မီ ကျောင်းသူကျောင်းသားတို့ **သိပြီးသား (Know)** အရာကို ပထမအတိုင်၊ **သိလိုသော (Want)** အရာကို ဒုတိယအတိုင်တွင် ရေးကြရန်။ ဇယားဖြည့်မပြီးမီ အချိန်ပေးရန် သတိချပ်ပါ။

၄. သင်ခန်းစာအပြီး သင်ခန်းစာတွင် **သိခဲ့သည်(Learnt)**ကို တတိယအတိုင်တွင်မဖြည့်မီ အကြောင်းအရာကို နှစ်ယောက်တွဲ ဆွေးနွေး ကြပါစေ။

၅. အချိန်ရသေးလျှင် အုပ်စုငယ်များအုပ်စုပြီး ဇယားချင်းတိုက်ကာ လိုအပ်လျှင် နောက်အချက်အလက်များ ထပ်ထည့်ကြပါစေ။

| မိမိ**သိထား**သည့်အရာ (K) | မိမိ**သိလို**သည့်အရာ (W) | မိမိ**သိ**သွားသည့်အရာ (L) |
|---|---|---|
| | | |

**အခြားနည်းများ**

***KWL*** **ကိုဖတ်ကြားခြင်း**

- ကျောင်းသူကျောင်းသားများအား စာပိုဒ်ခေါင်းစဉ်ကိုဖတ်စေပါ? ဇယားပထမအတိုင်(K)တွင် စာမဖတ်မီက ၎င်းတို့**သိပြီးသား**အကြောင်းအရာများကို ရေးဖြည့်ကြပါစေ။
- ဒုတိယအတိုင်(W)တွင် စာထဲမှ၎င်းတို့**သိလိုသော**အရာများကို ရေးပြီးဖြည့်ကြရန်။ ကျောင်းသူကျောင်းသားတို့ မေးခွန်းရေးပြီး ဤအပိုင်းတွင်ထပ်ထည့်ပါစေ။
- စာဖတ်ရန် အချိန်ပေးပါ။ ဖတ်နေစဉ် မိမိတို့မေးခွန်းများအတွက် အဖြေကိုတွေ့လျှင် ဇယားကိုဖြည့်ကြပါမည်။
- စာဖတ်အပြီး ဖြေမထားသေးသည့် မေးခွန်းများထံပြန်သွားပြီး အဖြေများကိုရှာဖွေကြရန်။
- အဆုံးတွင် ဇယားတတိယအတိုင်(L)၌ ဖတ်ထားသည့်စာမှ ၎င်းတို့**သိလာသမျှ**ကိုဖြည့်ကြပါစေ။

***KWL* + +**

- အဓိကအချက်အလက်များကို ထင်ဟပ်စေရန် သင်ယူခဲ့သည့်အပိုင်းမှ အသိပညာသစ်နှင့် နောက်ဆုံးအတိုင်မှ ရလဒ်များကို ကျောင်းသူကျောင်းသားတို့က အသိသညာပြမြေပုံအသွင်(သို့)ရုပ်ပုံကားချပ်အသွင် စုစည်းကြပါမည်။
- ထို့နောက် ကျောင်းသူကျောင်းသားတစ်ယောက်ချင်း မိမိတို့သင်ယူခဲ့သည့်အကြောင်း အနှစ်ချုပ်စာပိုဒ်တစ်ပိုဒ်ကို ရေးသားပါမည်။

**Link:** http://www.theteachertoolkit.com/index.php/tool/kwl

# တစ်မိနစ်စာရွက်

## သုံးရမည့်အချိန်

- သင်ခန်းစာအစ
- သင်ခန်းစာအတွင်း
- အဆုံးသတ်လုပ်ဆောင်ချက်

## အဘယ်ကြောင့်သုံးပါသနည်း

- ယခင်သင်ခန်းစာ (သို့) အိမ်စာရှိအကြောင်းအရာများကို ကျောင်းသူကျောင်းသားတို့ နားလည်မလည် စစ်ဆေးရန်
- သင်ခန်းစာမှ အဓိကအတွေးအမြင်များကို ကျောင်းသူကျောင်းသားတို့ဖော်ထုတ်ပြီး အနှစ်ချုပ်ရန်
- သင်ခန်းစာပါအကြောင်းအရာကို ကျောင်းသူကျောင်းသားတို့ကျစ်လျစ်စွာ အနှစ်ချုပ်ရေးနိုင်စွမ်း ဖွံ့ဖြိုးစေရန်

## ခန့်မှန်းကြာချိန်

၃-၅ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားများကို အထောက်မေးခွန်းမေးပါ။

နမူနာမေးခွန်း

| |
|---|
| အင်္ဂလိပ်ဘာသာဖြင့်စာဖတ်သင်ခြင်းနှင့် မြန်မာဘာသာဖြင့်စာဖတ်သင်ခြင်းတို့ မည်သို့ကွဲပြားပါသနည်း။<br>*Curriculum & Pedagogy Studies: English, Year 1 Semester 2, Unit 5.1.1 Learning to read* |

၂. အဖြေကို တစ်ဦးချင်း ဝါကျတစ်ကြောင်းနှစ်ကြောင်း ရေးကြပါစေ။ တစ်မိနစ်အချိန် သတ်မှတ်ပါ။

၃. တစ်မိနစ်အကုန်တွင် ကျောင်းသူကျောင်းသားများ အတန်းဖော်တစ်ဦးနှင့် ဝါကျများ ဝေမျှကြပါစေ။

၄. မည်မျှသင်ယူခဲ့ကြောင်း သုံးသပ်အကဲဖြတ်ရန် ဥပမာအချို့ကို မေးမြန်းဖော်ထုတ်ပါ (သို့) ဝါကျများကိုစုစည်းပါ။

### တစ်မိနစ်အထောက်စကား နမူနာများ

အထောက်စကားသည် သင်ခန်းစာတစ်ခုရှိ အကြောင်းအရာနှင့် သီးသန့်သက်ဆိုင်နိုင်ပါသည် သို့မဟုတ် ယေဘုယျကျနိုင်ပါသည်။ ဥပမာ

- တစ်နေ့တာ သင်ယူခဲ့သည့် အရေးကြီးဆုံးအရာနှင့် အဘယ်ကြောင့်အရေးကြီးကြောင်း
- အုံ့သြစရာကောင်းဆုံး အသိသညာနှင့် အဘယ်ကြောင့် အံ့သြဖွယ်ကောင်းကြောင်း
- မရှင်းလင်းဆုံး အကြောင်းအရာနှင့် အဘယ်ကြောင့် မရှင်းလင်းကြောင်း
- စစ်ဆေးအကဲဖြတ်မှု (သို့) စာမေးပွဲတွင်ပါမည်ဟု မိမိထင်သောအရာ

https://www.nwea.org/blog/2019/27-easy-formative-assessment-strategies-for-gathering-evidence-of-student-learning/

**အခြားနည်းများ**

- သင်ခန်းစာပါအကြောင်းအရာသာမက အဖြစ်အပျက်တစ်ရပ်၊ ဆောင်းပါးတစ်ပုဒ်၊ ပြဿနာတစ်ခုအကြောင်း စသည်ဖြင့် ဝါကျတစ်ကြောင်းတည်းဖြင့် အနှစ်ချုပ်ရေးနိုင်ပါသည်။

- ပိုမိုပူးပေါင်းလုပ်ဆောင်သည့်နည်းဖြစ်စေရန် ကျောင်းသူကျောင်းသားတို့ရေးပြီး ဝေမျှပြီးသောအခါ တစ်ဦးချင်း၏ အကောင်းဆုံးအတွေးများကိုသုံးလျက် ဝါကျအသစ်တစ်ကြောင်း ရေးနိုင်ပါသည်။

- တစ်မိနစ် ဝါကျတစ်ကြောင်းပြိုင်ပွဲ - ဝါကျများကို နံရံပေါ်ကပ်ပါ။ အကောင်းဆုံးဝါကျကို အုပ်စုလိုက်မဲပေးဆုံးဖြတ်ပါ။

**Link:** http://www.theteachertoolkit.com/index.php/tool/one-minute-sentence

# တစ်မိနစ်ပြဿနာ

## သုံးရမည့်အချိန်

- သင်ခန်းစာအစ
- သင်ခန်းစာအတွင်း
- အဆုံးသတ်လုပ်ဆောင်ချက်အနေနှင့်

## အဘယ်ကြောင့်သုံးပါသနည်း

- ပြီးခဲ့သည့်သင်ခန်းစာ (သို့) အိမ်စာပါအကြောင်းအရာကို ဆွေးနွေးရန်
- ခက်ခဲသည့်အသိသညာတစ်ခုအကြောင်း သိထားသည်ကို သုံးသပ်အကဲဖြတ်ရန်
- အတွေးအမြင်များကို အနှစ်ချုပ်ရန်
- ကျောင်းသူကျောင်းသားများ နားလည်မလည် စစ်ဆေးရန်
- တစ်တန်းလုံးနှင့်မဝေမျှမီ အဖြေကိုအုပ်စုဖွဲ့ဆွေးနွေးစေခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ မိမိတို့၏အဖြေများကို ယုံကြည်စိတ်ချမှု တိုးပွားလာပြီး နားလည်မှုလွဲခဲ့လျှင်လည်း အချင်းချင်း ပြင်ဆင်ခွင့်ပေးရန်

## ခန့်မှန်းကြာချိန်

၃-၅ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားများကို မေးခွန်းတစ်ခု၊ ပြဿနာတစ်ခု (သို့) သင်ခန်းစာအကြောင်းအရာနှင့် သက်ဆိုင်သည့် အထောက်စကားတစ်ခုပေးပါ။

ဥပမာ

| |
|---|
| *အောက်ပါအဆိုများနှင့် သဘောတူ/ကွဲလွဲပါသလား။ အဘယ်ကြောင့်နည်း။*<br><br>• မြန်မာစာအဖတ်သင်ခြင်းသည် အင်္ဂလိပ်စာအဖတ်သင်ခြင်းနှင့် တူပါသည်။<br>• မိမိကျောင်းသားများသည် ဖတ်သည့်စကားလုံးတိုင်းကို နားလည်နိုင်ရန် လိုပါသည်။<br>• မိမိကျောင်းသားများ မသိသောစကားလုံးကို အသံထွက်ပြီး စာလုံးပေါင်းစေရန် အရေးကြီးပါသည်။<br>• မိမိကျောင်းသားများကို အင်္ဂလိပ်အက္ခရာ ၂၆ လုံး၏အမည်များကို ပထမသင်ခန်းစာတွင် သင်ကြားရန် လိုပါသည်။<br><br>*Curriculum & Pedagogy studies: English, Year 1 Semester 2, Unit 5.1.1 Learning to read, Learning activity 5, p13* |

၂. မေးခွန်းကို ကျောင်းသူကျောင်းသားများအား တစ်ယောက်ချင်းဖြေကြစေပြီး အုပ်စုဖွဲ့ဆွေးနွေးကြရန်။ အချိန်တို ဥပမာ ၂ မိနစ်မျှ အချိန်သတ်မှတ်ပါ။

၃. အုပ်စုများအား ၎င်းတို့၏အဖြေများကို စာရွက်တစ်ရွက်တွင် ရေးမှတ်စေပြီး သင်ပုန်းပေါ် ကပ်ကြပါစေ။

၄. အဖြေများကိုဆွေးနွေးပြီး နားလည်မှုလွဲလျှင် အမှားပြင်ပေးပါ။

## အခြားနည်းများ

- **တစ်မိနစ်ပြဿနာစစ်စစ်** - ပိုမိုတိုတောင်းသည့် ပြဿနာ(သို့) မေးခွန်းများပေးပြီး စက္ကန့် ၃၀ သို့မဟုတ် တစ်မိနစ် အချိန်သတ်မှတ်ပါ။ မြန်မြန်ဆန်ဆန် ဖြေကြားမှုများအတွက် သုံးရန်အဆင်ပြေပါသည်။ ဥပမာ သင်္ချာပုစ္ဆာများ (သို့) အဖြေမှန်ရွေး မေးခွန်းများ

- **ဆရာလွှတ်လုပ်ဆောင်ချက်** - အချို့တစ်မိနစ်ပြဿနာများကို ကျောင်းသူကျောင်းသားကိုယ်တိုင် မည်သူနှင့်မျှ ပေါင်းမလုပ်ဘဲ တစ်ဦးချင်းဖြေရှင်းနိုင်ပါသည်။

- **သဘောတူမတူ** - လက်ရှိအကြောင်းအရာနှင့်သက်ဆိုင်သော အဆိုတစ်ခုကို ပေးပါ။ အဆိုကို သဘောတူမတူ၊ အဘယ်ကြောင့် သဘောတူမတူ အုပ်စုဖွဲ့ဆုံးဖြတ်ကြပါစေ။ အဖြေနှင့်ရှင်းလင်းချက်ကိုရေးချပါစေ။ သင်ပုန်းကို သဘောတူ/သဘောမတူ နှစ်ပိုင်းခွဲပါ။ ရှင်းလင်းချက်များကို ပြန်လှန်သုံးသပ်ပြီး ဆက်လက်ရှင်းပြရန်လိုအပ်လျှင် နောက်ဆက်တွဲမေးခွန်းများမေးမြန်းပါ။

**Link:** http://www.theteachertoolkit.com/index.php/tool/one-minute-problem

# ကျောင်းသားအဖြေကဒ်

**သုံးရမည့်အချိန်**

- သင်ခန်းစာအစ
- သင်ခန်းစာအတွင်း
- အဆုံးသတ်လုပ်ဆောင်ချက်အနေနှင့်

**အဘယ်ကြောင့်သုံးပါသနည်း**

- ယခင်အသိပညာကို နှိုးဆွရန်
- လုပ်ဆောင်ချက်တစ်ခုအပြီး ကျောင်းသူကျောင်းသားတို့ နားလည်မလည် စစ်ဆေးရန်
- သင်ခန်းစာပါအဓိကအချက်များကို ကျောင်းသူကျောင်းသားတို့ နားလည်မလည်စစ်ဆေးရန်
- သက်ဝင်လှုပ်ရှား လုပ်ဆောင်ချက်အနေဖြင့် ကျောင်းသူကျောင်းသားတို့ စိတ်ပါဝင်စားစေရန်
- ဆရာ/မက ဖြေရှင်းနိုင်ရန် နားလည်မှုတွင် ကွာဟချက်ရှိမရှိ စစ်ဆေးရန်

**ခန့်မှန်းကြာချိန်**

၃-၅ မိနစ်

**လုပ်ငန်းစဉ်**

၁. တစ်ဦးလျှင်တစ်ခုကျ ကျောင်းသားအဖြေကဒ်များလုပ်ပါ။ ရောင်စုံသော်လည်းကောင်း၊ စာလုံးချင်းကွဲပြားသည့် A, B, C, D ကဒ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။

၂. ကျောင်းသူကျောင်းသားဖြေကြားမှုလုပ်ဆောင်ချက်တွင် အဖြေရှိသလောက် ကဒ်များကိုကျောင်းသူကျောင်းသားတို့ သုံးကြရန်။ ဥပမာ ဟုတ်သည်/မဟုတ်ပါ မေးခွန်းဖြစ်လျှင် ဟုတ်သည်အတွက် ကဒ်အစိမ်းရောင်၊ မဟုတ်ပါအတွက် ကဒ်အနီရောင် သုံးရန်ဖြစ်သည်။ အဖြေလေးခုမှ ရွေးချယ်လျှင် ကဒ်လေးခုသုံးရပါမည်။






၃. မေးခွန်းတစ်ခုမေးပါ (သို့) သင်ပုန်းပေါ်မေးခွန်းတစ်ခုရေးပါ။

**ဥပမာ**

| |
|---|
| သင်ယူပြီး စစ်ဆေးအကဲဖြတ်မှုကို သုံးသည့်သည့်အခါများမှာ ----<br>က. သင်တန်းအစတွင်<br>ခ. သင်တန်း(သို့)ကျောင်းကာလအဆုံး<br>ဂ. သင်တန်းအစနှင့်အဆုံးတွင်<br>ဃ. သင်တန်းကာလ သင်ယူနေစဉ်<br>*Curriculum and Pedagogy Studies: English, Year 1 Semester 2, Unit 8.1 Assessments* |

၄. အဖြေကိုလိုက်ပြီး ကဒ်များကိုထောင်ပြကြရန်။ အတန်းဖော်များ၏အဖြေကို ကြည့်ချိန်မရအောင် ကျောင်းသူကျောင်းသား အားလုံးကဒ်ကိုတစ်ချိန်တည်း ချက်ချင်းထောင်ပြကြပါစေ။

၅. သင်ခန်းစာအကြောင်းအရာကို ကျောင်းသူကျောင်းသားတို့ မည်မျှနားလည်မလည်သိနိုင်ရန် အဖြေများကို စစ်ဆေး အကဲဖြတ်ကာ နားလည်မှုလွဲခဲ့လျှင် အမှားပြင်ပေးပါ။

**Link:** http://www.theteachertoolkit.com/index.php/tool/student-response-cards

# လေ့လာမှုကဒ်

## သုံးရမည့်အချိန်

- သင်ခန်းစာအစ
- သင်ခန်းစာတွင် လေ့ကျင့်မှုလုပ်နေစဉ်
- အဆုံးသတ်လုပ်ဆောင်ချက်နှင့် အထွက်လက်မှတ်အဖြစ်

## အဘယ်ကြောင့်သုံးပါသနည်း

- သင်ခန်းစာပါ အဓိကအတွေးအမြင်များကို ကျောင်းသူကျောင်းသားတို့ ဖော်ထုတ်အနှစ်ချုပ်ရာတွင် အထောက်အကူပြုရန်
- ကျောင်းသူကျောင်းသားတို့၏ ယခင်အသိပညာကို စစ်ဆေးရာတွင် အဝင်လက်မှတ်အနေဖြင့်သုံးရန်
- ပြီးခဲ့သည့်သင်ခန်းစာမှ သင်ယူမှုကို ပြန်လှန်သုံးသပ်ရာတွင် အဝင်လက်မှတ်အနေဖြင့်သုံးရန်
- သင်ခန်းစာပါအဓိကအချက်များကို နားလည်မလည် စစ်ဆေးရာတွင် အထွက်လက်မှတ်အနေဖြင့်သုံးရန်
- နားလည်မှုကွာဟချက်ရှိမရှိ စစ်ဆေးခြင်းဖြင့် ဆရာ/မက နောက်သင်ခန်းစာတွင် ဖြည့်ဆည်းနိုင်စေရန်

## ခန့်မှန်းကြာချိန်

၃-၅ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားများအား ၎င်းတို့အတွက်လေ့လာမှုကဒ်များကို ကိုယ်တိုင်လုပ်ကြပါစေ။ ကဒ်အရေအတွက်သည် ကျောင်းသူကျောင်းသားများ ပြန်လှန်သုံးသပ်သည့်အရာအပေါ် မူတည်ပါသည်။ ၄-၆ ကဒ်ခန့်ဆိုလျှင်ရပါပြီ။ သင်ခန်းစာ (သို့) ယူနစ်မှ အရေးကြီးသည့်အတွေးအမြင်၊ ဝေါဟာရ၊ အချက်အလက်နှင့် အသိသညာတို့ ပါဝင်သင့်ပါသည်။



**Study Cards**

In the boxes below, record important information and ideas about concepts we have discussed in class.
These study cards are about: ______________________________.

၂. ကျောင်းသူကျောင်းသားတို့ နားလည်မလည်စစ်ဆေးအကဲဖြတ်ရန် လေ့လာမှုကဒ်များကိုကောက်ယူကာ လိုအပ်လျှင် ကောင်းကောင်း နားမလည်ခဲ့သည့် သင်ခန်းစာ(သို့) ယူနစ်အပိုင်းများကို ပြန်လည်သင်ကြားရန် ပြင်ဆင်ပါ။

၃. အကြောင်းအရာကို ပြန်လှန်သုံးသပ်ရန်နှင့် ပဟေဠိ(သို့)စာမေးပွဲအတွက် လေ့လာရန် လေ့လာမှုကဒ်ကို ကျောင်းသူကျောင်းသားများထံ ပြန်ပေးပါ။ အချင်းချင်း အတူလေ့ကျင့်ရန် ပဟေဠိနှင့် ကစားနည်းများအတွက်လည်း သုံးနိုင်ပါသည်။

## အခြားနည်းများ

**နှစ်ဖက်လုံးရေးသည့်ကဒ်-** အညွှန်းကဒ်တွင် ကျောင်းသူကျောင်းသားတို့ နှစ်ဖက်လုံးတွင်ရေးပြီး အဓိကအသိသညာများနှင့် အသုံးအနှုန်းများကို ပြန်နွှေးရန်နှင့် ပြန်လှန်လေ့လာရန်သုံးကြပါမည်။

- **တစ်ဖက်တွင် -** အသိသညာ (သို့) အကြောင်းအရာတစ်ခုကို ရေးသည်။
- **နောက်တစ်ဖက်တွင် -**အကြောင်းအရာအကြောင်း သိထားသမျှ ကျောင်းသူကျောင်းသားတို့ အနှစ်ချုပ်ရေးပါမည်။
- ပထမတစ်ဖက်ကိုကြည့်ပြီး နောက်တစ်ဖက်တွင် ရေးထားသမျှ ကျောင်းသူကျောင်းသားတို့ မှတ်မိရန် ကြိုးစားပါမည်။ မှန်မမှန် နောက်တစ်ဖက်ကိုကြည့်ပြီး လွတ်သွားသည့်အရာများကို ပြန်လှန်သုံးသပ်ကြသည်။

**Link:** http://www.theteachertoolkit.com/index.php/tool/study-cards

# လက်မထောင်/စိုက်/လှဲ

## သုံးရမည့်အချိန်

- သင်ခန်းစာတစ်ပိုင်းသင်အပြီး ကျောင်းသူကျောင်းသားတို့နားလည်မှုအတိုင်းအတာကို ပြသရန် ဆရာ/မက ၎င်းတို့ လက်ကို သုံးစေသည်။
- လုပ်ဆောင်ချက်တစ်ခု အဆုံး

## အဘယ်ကြောင့်သုံးပါသနည်း

- နားလည်မလည်ခန့်မှန်းရန် မြန်မြန်ဆန်ဆန်မြင်နိုင်သည်
- ကျောင်းသူကျောင်းသားတို့ အသိပညာတွင်ရှိနေသည့်လစ်ဟာမှုများအပေါ်မူတည်လျက် နောက်သင်ခန်းစာပြင်ဆင်မှု အတွက် အထောက်အကူ ဖြစ်စေရန်
- ကျောင်းသူကျောင်းသားတို့အား အမှန်အတိုင်းရိုးသားစွာပြောဆိုရန် တာဝန်ခံစေပြီး ဆရာ/မက လက်မထောင်အချက် ပြသူ တစ်ယောက်ကို လက်မထောင်ခြင်း၏သဘောအဓိပ္ပါယ်ကို ရှင်းပြစေရန်

## ခန့်မှန်းကြာချိန်

၅ မိနစ်

## လုပ်ငန်းစဉ်

၁. လုပ်ဆောင်စရာတစ်ခုအပြီး(သို့)သင်ခန်းစာအပြီး ကျောင်းသူကျောင်းသားများ မိမိကိုယ်ကိုယုံကြည်မှုအတိုင်းအတာကို လက်ဟန်ဖြင့်ပြကြပါစေ။

- လက်မထောင်ပြလျှင် 'ကောင်းကောင်းနားလည်ပါသည်'
- လက်မလှဲပြလျှင် 'မေးစရာရှိပါသေးသည်'
- လက်မအောက်စိုက်ထားလျှင် 'နားမလည်ပါ'






၂. လက်မ အောက်စိုက်၊ လက်မလှဲထားရခြင်း အကြောင်းရင်းများကို မေးမြန်းဖွေရှာပါ။

၃. လက်မထောင်ပြသူတစ်ဦးမှ လက်မထောင်ခြင်း၏ သဘောအဓိပ္ပါယ်ကို တစ်တန်းလုံးအားရှင်းပြပါစေ။ ဤသို့အားဖြင့် အချင်းချင်းပံ့ပိုးမှုကို အားပေးရာရောက်ပါသည်။

# မီးပွိုင့်

## သုံးရမည့်အချိန်

- လုပ်ဆောင်ချက်တစ်ခုအပြီး
- သင်ခန်းစာအဆုံး

## အဘယ်ကြောင့်သုံးပါသနည်း

- မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ရန်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ် နိုင်စွမ်း ဖွံ့ဖြိုးစေရန်
- အသိသညာသစ်၊ ကျွမ်းကျင်မှုအသစ်နှင့်ပတ်သက်၍ ကျောင်းသူကျောင်းသားတို့ မိမိကိုယ်ကိုမည်မျှယုံကြည်မှု ရှိကြောင်း သိရှိရန်
- သင်ယူမှုဦးတည်ချက်ပြည့်မီခြင်းရှိမရှိ၊ ၎င်းတို့အလုပ်ကို ကျေနပ်မှုရှိမရှိ၊ (သို့) ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် လိုသေးသည်ဟု ထင်မထင် ကျောင်းသူကျောင်းသားတို့အား ပြန်လည်သုံးသပ်စေရန်

## ခန့်မှန်းကြာချိန်

၅ မိနစ်

## လုပ်ငန်းစဉ်

၁. ဆရာ/မက ကျောင်းသူကျောင်းသားတစ်ယောက်ချင်းကို အစိမ်း၊ အနီ၊ အဝါရောင် စက်ဝိုင်းသုံးခုပေးပါသည်။

၂. လုပ်ဆောင်ချက်အပြီး (သို့) သင်ခန်းစာအဆုံးတွင် ကျောင်းသူကျောင်းသားတို့က မိမိကိုယ်ကို ယုံကြည်စိတ်ချမှုအတိုင်းအတာကို အကောင်းဆုံးကိုယ်စားပြုသည့် ရောင်စုံစက်ဝိုင်းကို ထောင်ပြစေရန်။

- မီးစိမ်း = ကောင်းကောင်းနားလည်ပြီး သူငယ်ချင်းကိုရှင်းပြနိုင်ပါသည်။
- မီးဝါ = အခြေခံကိုနားလည်သော်လည်း ရှင်းမပြတတ်ပါ။
- မီးနီ = ကူပါဦး။ နားမလည်သေးပါ။

ကျောင်းသူကျောင်းသားတို့က မိမိတို့မှတ်စုစာအုပ်များတွင် မျက်နှာများကို ရုပ်ပုံမှတ်တမ်းအနေဖြင့် ရေးဆွဲပြီးအရောင်ခြယ်နိုင်ပါသည်။







## အခြားနည်းများ

- မီးပွိုင့်ကို အစမ်းစာမေးပွဲအတွက် ပြင်ဆင်ရာတွင်သုံးနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ စာမေးပွဲ/လုပ်စရာတစ်ခုပြီးသည့်အခါ မိမိတို့အမည်နံဘေး အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်စက်ဝိုင်းများထားခြင်းဖြင့် အကြောင်းအရာကို မည်မျှနားလည်ကြောင်း ပြသနိုင်ပါသည်။
- မီးပွိုင့်စနစ်ကိုသုံးပြီး တင်ပြမှုနှင့်အုပ်စုဖွဲ့လုပ်ဆောင်မှုများကို အချင်းချင်းစစ်ဆေးအကဲဖြတ်နိုင်ပါသည်။

# တြိဂံ - စတုရန်း - စက်ဝိုင်း

## သုံးရမည့်အချိန်

- အဆုံးသတ် လုပ်ဆောင်ချက် (သို့) အထွက်လက်မှတ်

## အဘယ်ကြောင့်သုံးပါသနည်း

- သင်ခန်းစာရှိ အဓိကအချက်အလက်များကို ကျောင်းသူကျောင်းသားတို့ နားလည်မလည် စစ်ဆေးရန်
- သင်ခန်းစာတွင် မည်သည့်အရာကို ကျောင်းသူကျောင်းသားတို့နားလည်ပြီး မည်သည့်အရာကိုနားမလည်ကြောင်း စစ်ဆေးရန်
- ပြန်လည်သင်ကြားစရာရှိမရှိ စစ်ဆေးရန်
- စာမေးပွဲမတိုင်မီ ပြန်လည်လေ့လာရာတွင် စာမေးပွဲအတွက် မည်သည့်အပိုင်းများကို အာရုံစိုက်ပြင်ဆင်ရမည်ကိုသိရန်

## ခန့်မှန်းကြာချိန်

၃-၅ မိနစ်

## လုပ်ငန်းစဉ်

၁. တြိဂံတစ်ခု၊ စတုရန်းတစ်ခုနှင့် စက်ဝိုင်းတစ်ခုကို သင်ပုန်းပေါ်ဆွဲပါ။

၂. ပုံကိုကျောင်းသူကျောင်းသားများ စာရွက်ပေါ်ကူးဆွဲကြရန်။

၃. အောက်ပါညွှန်ကြားချက်များပေးပါ။

- တြိဂံပေါ်တွင် သင်ခန်းစာမှ အဓိကအချက်သုံးချက်ရေးပါ။
- စတုရန်းပေါ်တွင် မိမိသိပြီးသား (သို့) သဘောတူထားသည့် အချက်တစ်ချက်ကိုရေးပါ။
- စက်ဝိုင်းထဲတွင် သင်ခန်းစာမှ မိမိမရှင်းသည့် အရာတစ်ခုကိုရေးပါ။

၄. သင်ခန်းစာအပြီး ကျောင်းသူကျောင်းသားတစ်ယောက်ချင်းစီမှ စာရွက်ပြန်ကောက်ပါ။ ကျောင်းသူကျောင်းသားတို့ နောက်ထပ် မည်သည့်ပံ့ပိုးမှု လိုအပ်ကြောင်း နားလည်စေရန် ဤအချက်အလက်များကိုသုံးပါ။



**Link:** http://www.theteachertoolkit.com/index.php/tool/triangle-square-circle

# ကြယ်စင်က နှစ် ဆန္ဒက တစ်

## သုံးရမည့်အချိန်

- လုပ်ဆောင်ချက်တစ်ခု အပြီး
- တစ်နေ့တာအဆုံး

## အဘယ်ကြောင့်သုံးပါသနည်း

- အချင်းချင်းနှင့် မိမိကိုယ်မိမိ အပြုသဘောဆောင် အချိန်မီစစ်ဆေးအကဲဖြတ်ခြင်းဖြင့် ကျောင်းသူကျောင်းသားတို့က တုံ့ပြန်ဖြေကြားရန်
- ကျောင်းသူကျောင်းသားတို့ တစ်ဦးချင်းပန်းတိုင်ချမှတ်နိုင်စေရန်နှင့် စွမ်းဆောင်မှုအဆင့်များကိုမြှင့်တင်ရန်
- မိမိကိုယ်မိမိနှင့်အချင်းချင်း ပြန်လှန်သုံးသပ်မှုစွမ်းရည် ဖွံ့ဖြိုးစေရန်

## ခန့်မှန်းကြာချိန်

၁၀-၁၂ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားတို့ အချင်းချင်း လုပ်ထားသည်များကိုကြည့်ပြီး တုံ့ပြန်ဖြေကြားကြရန်။ အလုပ်၏ ကောင်းသည့်အပိုင်း နှစ်ပိုင်း ("ကြယ်များ")နှင့် အလုပ်ကိုမည်သို့ပိုမိုကောင်းမွန်စေနိုင်ကြောင်း အကြံပြုချက် ("ဆန္ဒ")ကို ဖော်ထုတ်သင့်ပါသည်။

၂. ကျောင်းသူကျောင်းသားတို့ စာရွက်တစ်ပိုင်း(သို့)မှတ်စုစာအုပ်တွင် တုံ့ပြန်ဖြေကြားမှုကို ရေးသားကြပါစေ။

၃. တုံ့ပြန်ဖြေကြားမှုနှင့် ၎င်းအတွက်အထောက်အထားများကို အချင်းချင်းဝေမျှစေပြီး တုံ့ပြန်ဖြေကြားမှုရရှိသူအား မေးခွန်းမေးခွင့် ပေးပါ။







## အခြားနည်းများ

- ကျောင်းသူကျောင်းသားတို့ 'ကြယ်စင်က ၂၊ ဆန္ဒက ၁'ကိုသုံးပြီး မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ပြီး အချိန်မှန်မှန် တုံ့ပြန်ဖြေကြားကြပါမည်။
- အမည်အဖော်သည့် အလုပ်တစ်ခုကို တစ်တန်းလုံး ပြန်လှန်သုံးသပ်ပြီး ကျောင်းသူကျောင်းသားအားလုံး တုံ့ပြန်ဖြေကြားကြရန်။ မှတ်ချက် ၂ နှင့် မေးခွန်း ၁ ဟု ပြောင်းလဲလုပ်ဆောင်ပါ။

# ပတ်လည်လှည့်ပါ

## သုံးရမည့်အချိန်

- သင်ခန်းစာတစ်ခုအစ
- သင်ခန်းစာတွင်း လေ့ကျင့်မှုလုပ်သည့်အချိန်
- အဆုံးသတ် လုပ်ဆောင်ချက်

## အဘယ်ကြောင့်သုံးပါသနည်း

- ပြီးခဲ့သည့်သင်ခန်းစာမှ အဓိကအချက်များကို ပြန်လှန်သုံးသပ်ရာတွင် အဝင်လက်မှတ်အဖြစ်သုံးရန်
- ယခင်အသိပညာကို စစ်ဆေးရန်
- ဖတ်စာတစ်ပုဒ်ကို ကျောင်းသူကျောင်းသား နားလည်မလည် စစ်ဆေးရန်
- သင်ခန်းစာရှိအဓိကအချက်များကို နားလည်မလည် စစ်ဆေးရာတွင် အထွက်လက်မှတ်အဖြစ်သုံးရန်
- သင်ခန်းစာရှိအဓိကအချက်များကို ကျောင်းသူကျောင်းသားတို့ ဖော်ထုတ်ပြီးအနှစ်ချုပ်ကြစေရန်
- အတန်းတွင်းကျောင်းသူကျောင်းသားအားလုံး ပါဝင်လာရေးအားပေးရန်
- အတန်းတွင်းကျောင်းသူကျောင်းသားတို့ တက်တက်ကြွကြွနားထောင်တတ်စေရန်

## ခန့်မှန်းကြာချိန်

၅-၇ မိနစ်

## လုပ်ငန်းစဉ်

၁. ကျောင်းသူကျောင်းသားများအား အဖြေစုံထွက်နိုင်သည့် မေးခွန်းတစ်ခု မေးပါ။

ဥပမာမေးခွန်း

| |
|---|
| ဒြပ်ဟူသည်အဘယ်နည်း။<br><br>*Curriculum & Pedagogy Studies: Science*, *Year 1 Semester 2 - Unit 4.1.1 What is matter?* |

၂. ၁-၂ မိနစ် အချိန်တိုအတွင်း အဖြေများနိုင်သလောက်များများ ရေးချကြပါစေ။

၃. ကျောင်းသူကျောင်းသားအချို့အား အဖြေတစ်ခုပေးစေပါ။

ပေးပြီးသားအဖြေကို ထပ်မပေးရန် သတိချပ်ကြပါစေ။

အတန်းဖော်တို့၏အဖြေကို တက်တက်ကြွကြွ ဂရုစိုက်နားထောင်ကြပါစေ။

၄. လုပ်ဆောင်ချက်အဆုံးတွင် မိမိ၏မူလအဖြေတွင်မပါသေးသော အချက်အလက်များကိုရေးမှတ်ရန် အချိန်ပေးပါ။

## အခြားနည်းများ

### ပတ်ချာလည်လှည့် ထိုင်ပါကွဲ့

- အဖြေရေးအပြီး ကျောင်းသူကျောင်းသားအားလုံး မတ်တပ်ရပ်ခိုင်းပါ။

- ၎င်းတို့ဖြေကြားသည့်အခါ ထိုင်ခွင့်ပေးပါသည်။

### စကားလုံးတစ်လုံးနဲ့ပတ်ချာလည်

- ဤနည်းတွင် ကျောင်းသူကျောင်းသားများ အဖြေကြိုမရေးကြပါ။
- အဖြေစုံထွက်နိုင်သည့် မေးခွန်းတစ်ခုမေးပါ။
- ကျောင်းသူကျောင်းသားတစ်ဦးချင်း အဖြေတစ်ခုပေးကြရန်။
- အဖြေများလျှင် ရပ်ဆိုင်းပြီး မပြင်ပါနှင့်။ ကျောင်းသူကျောင်းသားအားလုံး ဖြေဆိုပြီးမှ တုံ့ပြန်ဖြေကြားပါ။

### ပတ်ချာလည်ရင်းနှီးစေမယ်

အမည်က ဆိုလိုသည့်အတိုင်း ဤနည်းကို သင်ခန်းစာအစ အကြောင်းအရာအသစ်မသင်မီ ယခင်သိထားသည့် အသိပညာကို စစ်ဆေးရန် (သို့) ပုဂ္ဂိုလ်ရေးအချက်အလက်များ ဝေမျှရသည့် မိတ်ဆက်ရန်မေးခွန်းများအဖြစ် လုပ်ဆောင်နိုင်ပါသည်။ ဥပမာ ‘နိုင်ငံခြားမှာနေနိုင်ရင် ဘယ်တိုင်းပြည်မှာနေချင်သလဲ။ ဘာကြောင့်လဲ။’

**Link:** http://www.theteachertoolkit.com/index.php/tool/whip-around

# ကျမ်းကိုး


Drinan, F. H. (2016) *'Formative Assessment Toolkit*,' for USAID project 'Formative Assessment for Georgian Teacher Educators'.

The Government of the Republic of the Union of Myanmar, Ministry of Education, (2020) *Curriculum & Pedagogy Studies: Educational Studies, Teacher Educator Guide: Year 1 Semester 2*

The Government of the Republic of the Union of Myanmar, Ministry of Education, (2020) *Curriculum and Pedagogy Studies: English Teacher Educator Guide Year 1 Semester 2*

The Government of the Republic of the Union of Myanmar, Ministry of Education, (2020) *Curriculum & Pedagogy Studies: Science, Teacher Educator Guide: Year 1 Semester 2*

The Government of the Republic of the Union of Myanmar, Ministry of Education, (2020) *Curriculum & Pedagogy Studies: ICT Curriculum Teacher Educator Guide: Year 1 Semester 2*

The Government of the Republic of the Union of Myanmar, Ministry of Education, (2020) *Curriculum & Pedagogy Studies:*


**Websites**


Dyer Kathy (2019) *27 easy formative assessment strategies for gathering evidence of student learning*
https://www.nwea.org/blog/2019/27-easy-formative-assessment-strategies-for-gathering-evidence-of-student-learning/

Dyer, Kathy (2013) *Classroom techniques: Formative assessment idea number 10*
https://www.nwea.org/blog/2013/classroom-techniques-formative-assessment-idea-number-ten/

Education Service Center Region 13, *The Teacher Toolkit*
http://www.theteachertoolkit.com/index.php/tool/all-tools